# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (1-1-2016) (၈၄၃၂)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သည့် ကျူးဘားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ် ကတ်စထရိုရုဇ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

### ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| ဟားခါး | ၄ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၆ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၇ ဒီဂရီစင်တီဂရိတ် |
| မိုးမိတ် | ၇ ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၇ ဒီဂရီစင်တီဂရိတ် |



## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စရီနားတား ဒီဆီလီယန်နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

“ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အထွေထွေရွေးကောက်ပွဲကိစ္စရပ်များ၊ ဖွံ့ဖြိုးမှုအကူအညီများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး”

စာမျက်နှာ - ၈

# နှစ်သစ်ကူးလက်ဆောင် မြို့ကြီးဘက်စုံရေလှောင်တမံ ယနေ့ဖွင့်လှစ်မည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ယနေ့တွင် နှစ်သစ်ကူးလက်ဆောင်အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် အကျိုးပြုမည့် မြို့ကြီးဘက်စုံရေလှောင်တမံကို ဖွင့်လှစ်မည်ဖြစ်သည်။ မြို့နာမည်ရွာ၊ ရွာနာမည်မြို့ဖြစ်နေသည်မှာ မြန်မာပြည်တွင် တစ်နေရာတည်းသာရှိသည်။ ယင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရွာငံမြို့နယ် မြို့ကြီးကျေးရွာပင်ဖြစ်သည်။ ယင်းမြို့ကြီးကျေးရွာအနီးတွင် တည်ဆောက်ထားသောကြောင့် မြို့ကြီးရေလှောင်တမံဟု ခေါ်တွင်ခြင်းဖြစ်သည်။ အဆိုပါမြို့ကြီးရေလှောင်တမံမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်တွင် တည်ရှိသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



သတင်းနှင့်ဓာတ်ပုံ သန်းဦး(လေးမျက်နှာ)

ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်တွင်တည်ရှိသော မြို့ကြီးဘက်စုံရေလှောင်တမံအား တွေ့ရစဉ်။




## ၂၀၁၆ ခု နှစ်ဦးကာလ ပါမောက္ခချုပ်ဆရာတော်၏ သြဝါဒ

ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်ကြသည့် နိုင်ငံသားအလွှာသုံးမျိုးတွင် ဘာသာရေးကိစ္စ ဦးဆောင်ဦးရွက်ပြုသောပုဂ္ဂိုလ်များသည် အလျင်စလို ပြောဆိုပြုလုပ်ခြင်း မပြုဘဲ ဘာသာတရားလေးစားလိုက်နာ၍ အများအကျိုးသယ်ပိုးဆောင်ရွက်သူများသာ ဖြစ်သင့်ပါသည်။ အစိုးရအဖွဲ့သည် တိုင်းရေးပြည်ရေးကိစ္စများ၌ ဆင်ဆင်ခြင်ခြင် အမြော်အမြင်ကြီးမားစွာ ဆောင်ရွက်သင့်ပါသည်။ တိုင်းသူပြည်သား လူအများသည် ဥပဒေကို လေးစားလိုက်နာ၍ အလုပ်ကြိုးစားသူများသာ ဖြစ်သင့်ပါသည်။

မည်သူမဆို မိမိအကျိုးကို ဆောင်ရွက်တိုင်း အများအကျိုးကိုပါ ထည့်သွင်းစဉ်းစားရပါမည်။ အများအကျိုးထိခိုက်ပျက်စီးစေနိုင်သည့် ကိုယ်ကျိုးစီးပွားမျိုးကို လုံးဝရှောင်သင့်ပါသည်။

၂၀၁၆ ခုနှစ် မြန်မာပုံရိပ်ဂုဏ်ဟိတ်မြင့်မားအောင် ဝိုင်းဝန်းကြိုးစားကြပါစို့။



ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ။

## သီတဂူဆရာတော်ကြီး၏ နှစ်သစ်သြဝါဒ

**အချိန်ကိုနိုင်အောင်စား**

အချိန်ကာလသည် သတ္တဝါတွေကို စား၏။ အတိတ်ကာလ၌ မရေမတွက်နိုင်သော လူသားတို့သည် ကုန်ဆုံးခဲ့ကြလေကုန်ပြီ။

ကုန်ဆုံးခဲ့သော ကာလတို့သည်လည်း ရေတွက်၍ မရနိုင်လောက်အောင် များပြားကုန်၏။

ရေတွက်၍မရနိုင်လောက်အောင် များပြားကုန်သော လူသားတို့ကို ရေတွက်၍ မရနိုင်လောက်အောင် ရှည်လျားစွာသော အချိန်တို့က စားပစ်ကြကုန်သည်ဟု ဆိုလျှင်

လူသားတို့သည် အချိန်၏ ဝါးမျိုစားသောက်ခြင်းကို လည်စင်း၍ ခံနေကြရကုန်မည်လော။

အချိန်ကာလကို ပြန်၍ နိုင်အောင်စားပါ။

ကာလကိုနိုင်အောင်စားနိုင်သူသည် ဘဝသမိုင်းကို အသစ်တစ်ခု စိုက်ထူနိုင်လိမ့်မည်။

နှစ်တို့သည် ဟောင်း၍ ဟောင်း၍ ကုန်ဆုံးကြလေကုန်ပြီ။

နှစ်သစ်တို့သည်လည်း နှစ်ဟောင်းအဖြစ် တစ်နှစ်အတွင်း ရောက်၍ ကုန်ဆုံးလိမ့်မည်။

ငါဘာထားခဲ့မလဲ ငါဘာယူသွားမလဲ



စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ
ရွှေကျင်နိကာယဥပဥက္ကဋ္ဌ ဆရာတော်
အရှင်ဉာဏိဿရ



၂၀၁၆ နှစ်သစ်မှာ မြန်မာပြည်သူပြည်သားများ ကောင်းသောပြောင်းလဲခြင်းနှင့်အတူ အကုသိုလ်တွေကင်းစင်ပြီး ကုသိုလ်တွေ ပေါ်များကြပါစေ။

**ဒေါ်ခင်စောဦး၊ အတွင်းရေးမှူး**
**မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း**
**(မန္တလေး)**

နှစ်ဟောင်းကို ချန်ထားခဲ့ပြီး နှစ်သစ်ကို ကူးတဲ့အခါမှာ လူသစ်စိတ်သစ် အားသစ်မာန်သစ်နဲ့ ကျော်ဖြတ်ကြပြီး မြန်မာပြည်သူပြည်သားအားလုံးကို ဆတက်ထမ်းပိုးတိုးတက်ပါစေ၊ ချမ်းမြေ့ကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းပေးချင်ပါတယ်။

စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ ကြေးမုံသတင်းစာအနေနဲ့လည်း တိုင်းသူပြည်သားတွေရဲ့ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးကစလို့ တခြားသောဘက်ပေါင်းစုံက ကိစ္စအရပ်ရပ်တို့ကို ကြေးမုံသတင်းစာ ဦးဆောင်သူ အပါအဝင် ဝန်ထမ်းများအားလုံးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တာဝန်ထမ်းဆောင်နိုင်ပါစေ။ ပြည်သူ့အကျိုးသယ်ပိုးနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။



**သီရိသုမင်္ဂလာ မဏိဇောတခရေ**
**ဦးကျော်ဝင်း**
**(မန်းမြေရာဇာကုမ္ပဏီ)**

## ညီညီညွတ်ညွတ် နားလည်မှုရှိစွာဖြင့် ၂၀၁၆ နှစ်သစ်ကို ကြိုဆို

၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံအတွက် သမိုင်းဝင် နှစ်တစ်နှစ်ပင် ဖြစ်ခဲ့သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သလို ငြိမ်းချမ်းရေးဆွေးနွေးပွဲများလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကာ အတည်ပြုနိုင်ခဲ့သည်။

ဆက်လက်၍လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆက်လက်လျှောက်လှမ်းရန်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အလားတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲမှုနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်အတူ နိုင်ငံတကာ၏ ယုံကြည်လေးစားလာမှုကိုပါ ရရှိလာကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း တိုးတက်လာခဲ့သည်။

အောင်မြင်မှုများစွာ၊ သမိုင်းမှတ်တိုင်များစွာ ရှိခဲ့သော်လည်း မအောင်မြင်သေးသည့် ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စများစွာလည်း ကျန်ရှိနေသေးသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ခံစားခဲ့ရပြီး ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှုတို့အပြင် ဖားကန့်ဒေသ မြေစာပုံပြိုကျမှု၊ စစ်ဘေးအန္တရာယ်နှင့် စစ်ဘေးရှောင်ပြည်သူများ၏ ဘဝအခက်အခဲများစွာ၊ အလုပ်ရှင် အလုပ်သမားအရေး၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံရောက်မြန်မာရွှေ့ပြောင်းလုပ်သားများအရေး၊ ထိုင်းနိုင်ငံတွင် သေဒဏ်ချမှတ်ခံထားရသော မြန်မာလုပ်သားနှစ်ဦးအရေး၊ ဆန္ဒပြသူများနှင့် ဖမ်းဆီးခံကျောင်းသားများအရေးစသည်ဖြင့် အခက်အခဲ အကျပ်အတည်းများစွာကလည်း ကျန်ရှိနေသေးသည်။

မည်သို့ပင်ဖြစ်စေ အခက်အခဲအကျပ်အတည်းများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကာ အပြောင်းအလဲများနှင့် ကြိုစောင့်နေမည့် ၂၀၁၆ နှစ်သစ်ကို ကြိုဆိုရမည်ပင်ဖြစ်သည်။ ၂၀၁၆ သည် မြန်မာနိုင်ငံ၏ ကံကြမ္မာကို ပြောင်းလဲစေမည့် နှစ်တစ်နှစ် ဖြစ်မည်လားဆိုသည်မှာ နိုင်ငံတော်အစိုးရတွင်သာမက နိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအားလုံးတွင် တာဝန်ရှိသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ထူထောင်ရန်အားယူနေရသည့်၊ ကြိုးစားနေရသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် စိန်ခေါ်မှု၊ အခက်အခဲ အကျပ်အတည်းများစွာ ရှိမည်ပင်ဖြစ်ပြီး ယင်းတို့ကို ညီညီညွတ်ညွတ် ပေါင်းစုကျော်ဖြတ်နိုင်မှသာ အပြောင်းအလဲကို လိုလားတောင့်တနေသော ပြည်သူ့ဆန္ဒ ပြည့်ဝနိုင်မည်ပင်ဖြစ်သည်။ အခက်အခဲများစွာကြားက စိန်ခေါ်မှုများနှင့် ပြည့်နှက်နေမည့် ၂၀၁၆ နှစ်သစ်ကို တစ်ကမ္ဘာလုံးကသာမက မြန်မာနိုင်ငံအနှံ့က မိဘပြည်သူများကလည်း ကြိုဆိုနေကြမည်ပင်ဖြစ်သည်။ မြန်မာနှစ်သစ်မဟုတ်သော်လည်း တစ်ကမ္ဘာလုံးကျင့်သုံးနေသည့် ခရစ်နှစ် ၂၀၁၆ ခုနှစ်ကို မြန်မာနိုင်ငံကလည်း ငြိမ်းချမ်းစွာဖြင့်ကြိုဆိုနေမည်ဖြစ်ရာ စီးပွားရေးမြို့တော် ရန်ကုန်၏ နှစ်သစ်ကြိုဆိုပွဲ၊ နှစ်သစ်ကူးနေ့ အထိမ်းအမှတ်အခမ်းအနားများကို လက်လှမ်းမီသလောက် ဖော်ပြပေးလိုက်ပါသည်။

ရန်ကုန်မြို့ရှိကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများမှသည် ဟိုတယ်အငယ်များအထိ နှစ်သစ်ကူးပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။ ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ် ဟိုတယ်တွင် နှစ်သစ်ကူးည အထူးအစီအစဉ်အနေဖြင့် နှစ်သစ်ကူးအကြိုညစာစားပွဲကို ဟိုတယ်ရေကူးကန်ဘေးတွင် Bond is Black နာမည်ကျော် ဂျိမ်းစ်ဘွန်းပါတီအနေဖြင့်ကျင်းပခဲ့သည်။ နာမည်ကျော် အဆိုတော်များဖြစ်သည့် ချစ်ကောင်း၊ ဝေလ၊ နီနီခင်ဇော်၊ မိစန္ဒီတို့က Immortal Band နှင့် တင်ဆက်ခဲ့ပြီး DJ Thaw Lay ၏ မြူးကြွဂီတဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့သည်။ အခြားဟိုတယ်ကြီးများ၊ စျေးဝယ်စင်တာကြီးများတွင်လည်း နှစ်သစ်ကူးအထူးအစီအစဉ်များ ကျင်းပခဲ့ကြသည်။

အလားတူ ရန်ကုန်မြို့ မိုင်ဒါကွင်းတွင်လည်း နာမည်ကျော် အဆိုတော်များက အစီအစဉ်များစွာပါဝင်မည့် နှစ်သစ်ကိုကြိုဆိုမည့် အစီအစဉ်ကို ည ၇ နာရီခွဲမှ ၂၀၁၆ ဇန်နဝါရီ ၁ ရက်ကို ကူးပြောင်းမည့်အချိန်အထိအစီအစဉ်များစွာဖြင့် ကြိုဆိုခဲ့သည်။ အဆိုပါ အစီအစဉ်ကို ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကာ မှတ်ပုံတင်တစ်ခုလျှင် လက်မှတ်နှစ်စောင်နှုန်း ထုတ်ပေးခဲ့ပြီး နှစ်သစ်ကိုကြိုဆိုသူများကို ပါဝင်ဆင်နွှဲခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်းတွင်လည်း နှစ်သစ်ကူးအထူးအစီအစဉ်များ၊ နာမည်ကျော်အဆိုတော်များ၏ ဖျော်ဖြေမှုများဖြင့် နှစ်သစ်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ ပြည်သူ့ရင်ပြင်တွင်မူ နာမည်ကျော် Iron Cross တေးဂီတအဖွဲ့နှင့်အတူ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့ဖြင့် ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည့်အပြင် နာမည်ကြီး ရော့ခ်ဂီတတေးသံရှင် ဇော်ဝင်းထွဋ်နှင့် Emperor တေးဂီတအဖွဲ့ကလည်း မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ နှစ်သစ်ကြိုဆိုခြင်း အထူးအစီအစဉ်ကို တင်ဆက်ခဲ့သည်။

ယင်းသို့ အစီအစဉ်များအပြင် ကိုယ်ပိုင်အစီအစဉ်များဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့ကြသူများလည်းရှိပြီး အင်းလျားကန်ပေါင်၊ ကန်တော်ကြီး၊ ဗိုလ်တထောင်ဆိပ်ကမ်းအပါအဝင် အများပြည်သူ ဧရိယာများတွင် နှစ်သစ်ကိုကြိုဆိုခဲ့သူများ၊ ရပ်ကွက်၊ လမ်း၊ ကိုယ်ပိုင်အိမ်ခြံဝင်းများအတွင်း ကြိုဆိုသူများနှင့် ၂၀၁၆ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

နှစ်သစ်ကို ကြိုဆိုသူများအတွက်လည်း နှစ်သစ်ကူးရက်မတိုင်မီကပင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ခရိုင်၊ မြို့နယ်အလိုက် လုံခြုံရေးကိုလှည့်ကင်းများ၊ တာဝန်ချထားမှုများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လူစည်ကားများပြားရာနေရာဒေသများတွင် မလိုလားအပ်သောကိစ္စရပ်များ၊ မင်းမဲ့စရိုက်ဆန်သောဖြစ်ရပ်များ၊ ဥပဒေမဲ့ကျူးလွန်မှုများ မဖြစ်ပေါ်စေရန် တာဝန်ယူဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အပြောင်းအလဲ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်ဖြတ်ရမည့် နှစ်သစ်ဖြစ်သည့်အတွက် လူတိုင်းသည် တာဝန်ယူမှု၊ တာဝန်သိမှုနှင့် မိမိ၏ လွတ်လပ်ပျော်ရွှင်မှုသည် အခြားသူနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေမည့်၊ အနှောင့်အယှက်ဖြစ်စေမည့် စည်းမဲ့ကမ်းမဲ့ ပျော်ရွှင်မှုမျိုး မဖြစ်စေဘဲ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်လျော်ကန်သော နိုင်ငံကြီးသား၊ မြို့ကြီးသား ပီသသည့် အပြုအမူများဖြင့် နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုရင်း ရင်ဆိုင်ရမည့် အခက်အခဲများကို ညီညီညွတ်ညွတ် နားလည်မှုရှိစွာ၊ စုစည်းညီညာမှုများစွာဖြင့် ကျော်ဖြတ်သွားနိုင်ရန် လိုအပ်မည်ပင်ဖြစ်သည်။

**(ဆုနှင်းလဲ့)**



ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက နှစ်သစ်ကိုကြိုဆိုသော အားဖြင့် ရန်ကုန်မြို့တော်ခန်းမ၊ AYA Bank နှင့် ဧမာနွေလဘုရားကျောင်းတို့တွင် ရောင်စုံမီးများ ထွန်းညှိထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)



# ယူကရိန်းနိုင်ငံ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ဇန်နဝါရီလအစောပိုင်းထိ ဆက်လက်တည်မြဲရေး သဘောတူညီမှုရရှိ

**မော်စကို ဒီဇင်ဘာ ၃၁**

ယူကရိန်းနိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဇန်နဝါရီလအစောပိုင်းအချိန်ထိ ဆက်လက်တည်မြဲရေးအတွက် ပြင်သစ်၊ ဂျာမနီ၊ ယူကရိန်းနှင့် ရုရှားနိုင်ငံ ခေါင်းဆောင်များက ဒီဇင်ဘာ ၃၀ ရက်က သဘောတူညီခဲ့ကြောင်း သိရသည်။

နိုင်ငံခေါင်းဆောင်များက တယ်လီဖုန်းလိုင်းများမှတစ်ဆင့် အဆိုပါသဘောတူညီမှုကို ရရှိခဲ့ခြင်းဖြစ်သည်။

သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ဇန်နဝါရီလ တတိယပတ်ခန့်တွင် ယူကရိန်းနိုင်ငံ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအတွက် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းတပ်မတော်နှင့် ရုရှားထောက်ခံသည့် ယူကရိန်းခွဲထွက်ရေးသမားများသည် အရှေ့ယူကရိန်းတွင် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့သည်။ သို့သော် တိုက်ပွဲများ ရံဖန်ရံခါ ဖြစ်ပွားလျက်ရှိသည်။

ယူကရိန်းတပ်ဖွဲ့နှင့် ရုရှားထောက်ခံသော ယူကရိန်းခွဲထွက်ရေးသမားတို့အကြား ငြိမ်းချမ်းရေးသဘောတူညီမှုရရှိခြင်းသည် နိုင်ငံရေးဆွေးနွေးပွဲများ လုပ်ဆောင်ခြင်းအပြင် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အရှေ့ပိုင်းဒေသတွင် ဒေသန္တရရွေးကောက်ပွဲများ ကျင်းပပေးခြင်းတို့ကြောင့်ဖြစ်သည်။

ရုရှားထောက်ခံသော ယူကရိန်းခွဲထွက်ရေးသမားများ၏ ဆန့်ကျင်မှုများကြောင့် ယူကရိန်းအစိုးရအနေဖြင့် နိုင်ငံအတွင်း မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးလုပ်ဆောင်ချက်များ လုပ်ဆောင်ရန်အတွက် ခက်ခဲမှုများရှိနေကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

## အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေး ဖေဖော်ဝါရီလတွင် ကျင်းပမည်

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ)ခေါင်းဆောင်များနှင့် ဖေဖော်ဝါရီလအတွင်း တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံသမ္မတရုံးအိမ်ဖြူတော်၏ သတင်းထုတ်ပြန်ရေးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅-၁၆ ရက်တွင် ကာလီဖိုးနီးယားပြည်နယ် ဆန်းနီးလန်းစ်အိမ်ရာ၌ ကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော်၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

အမေရိကန်နိုင်ငံက အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်ပြီး နှစ်ဖက်ခေါင်းဆောင်များက အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကိစ္စများတွင် အမေရိကန်နိုင်ငံ၏ ပါဝင်ပတ်သက်မှုကို ထပ်လောင်းမြှင့်တင်နိုင်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ ကျွန်းတုများတည်ဆောက်မှုကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေး၏ ရည်ရွယ်ချက်မှာ အမေရိကန်အနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင် ဘက်စုံလွှမ်းမိုးမှုရရှိစေရန်နှင့် တောင်တရုတ်ပင်လယ်အတွင်းဖြစ်ပွားနေသည့် နယ်မြေအငြင်းပွားမှုများကို စောင့်ကြည့်အကဲခတ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သမ္မတအိုဘားမားက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

## နေစွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းအတွက် အိန္ဒိယအစိုးရအဖွဲ့ ရန်ပုံငွေထူထောင်

**နယူးဒေလီ ဒီဇင်ဘာ ၃၁**

အိန္ဒိယနိုင်ငံ၌ နေအိမ်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမြှင့်တင်ရန် လာမည့်ငါးနှစ်တာကာလအတွင်း နေစွမ်းအင်စီမံကိန်းအတွက် အစိုးရအဖွဲ့က ရန်ပုံငွေရူပီး ၅၀ ဘီလီယံ(ဒေါ်လာ ၇၅၃ သန်း) ထူထောင်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတစ်ဝန်း၌ ခေါင်မိုးများပေါ်တွင် နေစွမ်းအင်ထုတ်လုပ်ရေး ကိရိယာများတပ်ဆင်ကာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၂၀၀အထိ ထုတ်လုပ်သွားရန် အစိုးရအဖွဲ့ကရည်မှန်းထားသည်။

နေအိမ်များ၊ အစိုးရရုံးအဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၏ခေါင်မိုးများပေါ်တွင် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး ဆိုလာပြားများကိုတပ်ဆင်သွားရန် ဝန်ကြီးချုပ်မိုဒီ၏အစိုးရအဖွဲ့က ကနဦးသတ်မှတ်ပေးခဲ့သောရန်ပုံငွေထက် များစွာပိုမိုသော ရန်ပုံငွေကို တိုးမြှင့်သုံးစွဲရန် အစိုးရအဖွဲ့က ခွင့်ပြုပေးခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂ခုနှစ်ထက် နောက်မကျဘဲ နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀၀၀၀ ထုတ်လုပ်သွားရန် အစိုးရအဖွဲ့ကရည်မှန်းချက်တစ်ရပ်ချမှတ်ထားသည်။

အိန္ဒိယအစိုးရသည် အရပ်ဘက်သုံး အဏုမြူစွမ်းအင်ထုတ်လုပ်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော်သွားရန် ရည်မှန်းထားကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

## အကြမ်းဖက်မှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ ဘင်္ဂလားဒေ့ရှ်၌ ထူထောင်ပြီ

**ဒါကာ ဒီဇင်ဘာ ၃၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မြို့တော်ဒါကာ ရဲတပ်ဖွဲ့၏ စွမ်းပကားကို မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ ယူနစ်တစ်ခုကို ဖွဲ့စည်းထူထောင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်သည့် ရာဇဝတ်မှုခင်းများ ပိုမိုထူပြောလာသဖြင့် နိုင်ငံဖြတ်ကျော် အကြမ်းဖက်မှု တိုက်ဖျက်ရေးရဲတပ်ဖွဲ့ယူနစ်ကို ထူထောင်ရခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အင်တာနက်ဘလော့ရေးသူများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ ဘာသာရေးဂိုဏ်းဂဏလှုပ်ရှားသူများ၊ နိုင်ငံခြားသားများ စသည်တို့မှာ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့ပူးတွဲ မဟာမင်းကြီး မိုနီရူအစ္စလာမ်က ပြောကြားသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့ ဖွဲ့စည်းရေးအဆိုပြုချက်မှာ နှစ်ပေါင်းအတန်ကြာမျှ ကြာမြင့်ခဲ့ပြီးမှသာ အကောင်အထည်ပေါ်လာခြင်းဖြစ်သည် ဆို၏။

နိုင်ငံဖြတ်ကျော် အကြမ်းဖက်မှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ယူနစ်သည် လာမည့်လတွင် လုပ်ငန်းစတင်မည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၆၀၀ ပါဝင်ဖွဲ့စည်းထားကြောင်း၊ ရဲတပ်ဖွဲ့ယူနစ်သစ်ဖွဲ့စည်းရန် အစိုးရအဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း မဟာမင်းကြီး မိုဒိုရူအစ္စလာမ်က ပြောကြားသည်။

ကွန်ပျူတာကွန်ရက်မှုခင်းများ၊ အကြမ်းဖက်သမားများနှင့် ဆက်နွှယ်နေသော ငွေကြေးစီးကြောင်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာမှုခင်းများ စသည်တို့နှင့် ပတ်သက်၍လည်း အဆိုပါရဲတပ်ဖွဲ့ ယူနစ်သစ်က တာဝန်ယူဆောင်ရွက်မည်ဟု ဆိုသည်။

**ရိုက်တာ။**



တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီး လျောင်နင်း။

# ဒုတိယမြောက်လေယာဉ်တင်သင်္ဘောကြီး တရုတ်နိုင်ငံ၌ တည်ဆောက်လျက်ရှိ

**ပေကျင်း ဒီဇင်ဘာ ၃၁**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် တလျံမြို့၌ ပြည်တွင်းနည်းပညာဖြင့် ဒုတိယမြောက်လေယာဉ်တင်သင်္ဘောတစ်စင်းကို တည်ဆောက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်ဟု ဒီဇင်ဘာ ၃၁ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တန်ချိန် ၅၀၀၀၀ ရှိလေယာဉ်တင်သင်္ဘောကြီးသည် ဂျေ-၁၅ တိုက်လေယာဉ်များနှင့် အခြားအမျိုးအစားလေယာဉ်များအတွက် အခြေစိုက်စခန်းတစ်ခုအဖြစ် အသုံးပြုနိုင်မည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရန်ယွင်းက လစဉ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ လေယာဉ်တင်သင်္ဘောမှ ပျံတက်မည့် လေယာဉ်များသည် မတ်စောက်သော ပြေးလမ်းကို အသုံးပြုကာ ပျံတက်ရမည်ဟု ၎င်းက ပြောကြားသည်။

တရုတ်ရေတပ်တွင် လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်းအတွက်အသုံးပြုနေသည့် ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီး လျောင်နင်း၏ အတွေ့အကြုံများကို အခြေခံကာ ဒုတိယမြောက်လေယာဉ်တင်သင်္ဘောကို ပုံစံထုတ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်၏ ပထမဆုံးသောလေယာဉ်တင်သင်္ဘောကြီးကို ရုရှားနိုင်ငံက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံတွင် ပြန်လည်၍ မွမ်းမံပြင်ဆင်ခြင်းနှင့် စက်ကိရိယာများ တပ်ဆင်ခြင်းတို့ပြုလုပ်ခဲ့သည်။ ယင်းလေယာဉ်တင်သင်္ဘောကို ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် လက်ခံရရှိခဲ့သည်။

**ဆင်ဟွာ။**

# မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ အမေရိကန်ကွန်ဂရက်မှ အထက်လွှတ်တော်အမတ် မစ္စတာ သောမတ်စ် ကော်တွန်နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးပုံစံသစ်ဖြင့် လျှောက်လှမ်းနေမှုတွင် တပ်မတော်၏ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများအား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မစ္စတာ သောမတ်စ် ကော်တွန်နှင့်အတူ အမေရိကန်ကွန်ဂရက် အထက်လွှတ်တော်မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်ကွန်ဂရက်မှ အထက်လွှတ်တော်အမတ် မစ္စတာ သောမတ်စ် ကော်တွန်အား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို အီဒူရာဒို ရိုဒရီဂုဇ်ပါရီးလား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။**

# ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းတို့ကို ဥပဒေကောင်းတစ်ရပ်ဖြစ်ရန်အတွက် ထပ်မံညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**(သတင်းစဉ်)**

# ကမ္ဘာလှည့်ခရီးသွားများ ကမ္ဘာကျော်ဂုတ်ထိပ်တံတားသို့ အဆက်မပြတ် လာရောက်လေ့လာ

**နောင်ချို ဒီဇင်ဘာ ၃၁**

ကမ္ဘာလှည့်ခရီးသွားများသည် နောင်ချိုမြို့နယ်၏ အထင်ကရ ကမ္ဘာကျော်ဂုတ်ထိပ်တံတားသို့ ယမန်နှစ်ကထက် ယခုနှစ်လာရောက်လေ့လာမှု ပိုမိုများပြားသည်။ နောင်ချိုမြို့၏ အရှေ့ဘက် ခုနစ်မိုင်အကွာ ဂုတ်ထိပ်ဘူတာရုံမှတစ်ဆင့် တံတားသို့ သွားရောက်လေ့လာနိုင်သည်။ လျှိုမြောင်တောင်တန်းနှစ်ခုကို ဖြတ်ကျော်ဆောက်လုပ်ထားခြင်း၊ တောင်အမြင့်နံရံကို လိုဏ်ဂူနှစ်ခုဖောက်လုပ်ထားခြင်း၊ သဘာဝတောင်တန်း၊ ရှုခင်းများကို ကမ္ဘာလှည့်ခရီးသွားများ အထူးနှစ်သက်ကြသဖြင့် အဆက်မပြတ်လာရောက်ကြသည်။

မြန်မာ့မီးရထားမှ တာဝန်ရှိသူများ စီစဉ်ဆောင်ရွက်မှုဖြင့် လူစီးကားရထားကို ပြေးဆွဲပေးသည်။ ဂုတ်ထိပ်တံတားကြီးသည် သက်တမ်း ၁၀၀ ကျော်လွန်သော်လည်း ပြည်သူများ၏ သွားလာရေးတာဝန်ကို ဆက်လက်ထမ်းဆောင်နေသည်ကို တွေ့ရသည်။ နိုင်ငံခြားခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွားဧည့်သည်များဖြင့် စည်ကားနေကြောင်း တွေ့ရသည်။

**စိုးဝင်း(နောင်ချို)**

ooo

# နှစ်သစ်ဆုတောင်း

- ဤချိန်ခါသည်၊ ကမ္ဘာတစ်ဝန်း<br>ဆန်းစသင်္ကေတ၊ ပြိုင်တူရ၍<br>ကာလပြန်စစ်<br>နှစ်သစ်နေ့၏ ပထမရက်။
- ထို့အတူသာ၊ တို့မြန်မာလည်း<br>ကာလအထူး၊ ရှင်မြူးပျော်ရွှင်<br>ချစ်ခင်တတ်စွာ၊ ကြိုဆိုကာလျှင်<br>စိတ်မှာလူမှာ၊ သစ်မြဲပါတည့်<br>ချိန်ခါဓလေ့နှင့်အပြိုင်...။
- နှစ်သစ်နေ့၌၊ မမေ့မလျော့<br>ပျော့ပျောင်းညင်သာ၊ သန်မာစွာလျှင်<br>ငါတို့ဆုတောင်းကြရိုးကို... ။
- လူသားအားလုံး<br>ပြုံးပျော်ရွှင်လန်းနိုင်ကြစေ။
- ကျန်းကျန်းမာမာ<br>နှစ်ဖြာကိုယ်စိတ်ရှိပါစေ။
- ငြိမ်းချမ်းခြင်းဖြင့်<br>အလင်းရောင်များရပါစေ။
- လောကထုံးတမ်း၊ လူ့စည်းကမ်းဖြင့်<br>ဖြတ်သန်းရသော၊ ဘဝတော၌<br>ချောမွေ့ပြေပြစ်နိုင်ပါစေ။
- ဤနေ့ရက်မှ၊ အစပြုလျက်<br>မနက်ဖြန်များ လှစေသား။
- ငါတို့အချစ်၊ ငါတို့ခေတ်ဖြင့်<br>နှစ်သစ်ဆုတောင်း၊ အသံကောင်းကို<br>သောင်းတိုက်ကကျော် ကြားစေသော်။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

# ဆောင်းရာသီတွင် မြေအောက်ရေအသုံးပြုကာ ပန်းစိုက်သူများကြောင့် ပန်းဝယ်ရောင်းသည်များ နေ့စဉ်အပိုဝင်ငွေရရှိ

**တပ်ကုန်း ဒီဇင်ဘာ ၃၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဆောင်းရာသီ၌ မြေအောက်ရေကိုအသုံးပြု၍ ပန်းစိုက်ပျိုးသည့် တောင်သူတို့ စိုက်ပျိုးထားသည့် ပန်းများ ဈေးကောင်းရနေကြောင်းသိရပြီး ယခုအချိန်တွင် ပန်းစိုက်တောင်သူများ၏ ပန်းခင်းထဲတွင် လက်ကား ရောင်းချခြင်းအပြင် တပ်ကုန်းမြို့မဈေး၌ လက်လီရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိကာ စီးပွားရေးအတွက် အဆင်ပြေကြောင်း တပ်ကုန်းမြို့နယ် ဒဟတ်ကုန်းကျေးရွာမှ မြေအောက်ရေဖြင့် မေမြို့ပန်းစိုက်ပျိုးရောင်းချသည့် ဒေသခံများထံမှ သိရသည်။

"ကျွန်မတို့ကျေးရွာက တောင်သူတွေ မြေအောက်ရေကိုအသုံးပြုပြီး တစ်ပိုင်တစ်နိုင် ပန်းစိုက်ပျိုးကြတာကြောင့် ရွာထဲက နေ့စားအလုပ်သမားတွေလည်း လုပ်အားခတွေ ရရှိနေကြသလို ပန်းသည်တွေနဲ့ ပန်းလျှုသူအကြိုက်များပြီး ရောင်းအားကောင်းနေတဲ့ မေမြို့ပန်းတစ်မျိုးတည်းကိုသာ စိုက်ပျိုးပါတယ်။ ပန်းဝယ်လှူသူများကလည်း မေမြို့ပန်းကို အသုံးများလို့ ပန်းခင်းအလျား တစ်တောင်ကို ကျပ် ၇၀၀ နဲ့ဝယ်ယူပြီး ပန်းသုံးပင်၊ လေးပင်တစ်စည်းကို ကျပ် ၂၀၀ နဲ့ ပြန်ရောင်း ချရတာကြောင့် ဝယ်/ရောင်းတွေလည်း နေ့စဉ် အပိုဝင်ငွေရရှိတယ်"ဟု ဒဟတ်ကုန်းကျေးရွာမှ ပန်းတစ်ဆင့်ခံ ဝယ်ယူရောင်းချသူ မညွန့်ရွှေက ပြောသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

ooo



# အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)အတွက် ပူးပေါင်းဆောင်ရွက်မှုများ

ကိုဖြူဖွေး

> “အေအီးစီသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အကောင်အထည်ပေါ်လာမည်ဖြစ်ပြီး ၎င်းသည် အေအီးစီ ခရီးအစသာဖြစ်ကြောင်းနှင့် အေအီးစီ ခိုင်မာတောင့်တင်းရေးအတွက် ပတ်သက်ဆက်နွယ်သူအားလုံး ဆက်လက်ပါဝင်ဆောင်ရွက်သွားရန် လိုအပ်”

အာဆီယံကို ၂၀၂၀ ခုနှစ်တွင် တည်ငြိမ်သော၊ ကြွယ်ဝသော၊ ဖွံ့ဖြိုးမှုညီမျှပြီး ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသည့်ဒေသနှင့် ဆင်းရဲမှုကိုလျှော့ချကာ လူမှုစီးပွားကွဲပြားခြားနားမှုမရှိသည့်ဒေသအဖြစ် ထူထောင်ရန် ၁၉၉၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြပြီး အာဆီယံမျှော်မှန်းချက် ၂၀၂၀ တွင် ဖော်ပြခဲ့ပါသည်။

ထို့နောက် ၂၀၀၃ ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၂၀ ပြည့်နှစ်တွင် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှု (ဘာလီကွန်းကော့-၂)၏ အဓိကရည်မှန်းချက်အဖြစ် အာဆီယံခေါင်းဆောင်ကြီးများက ကြေညာခဲ့ပါသည်။

သို့သော် ၂၀၀၇ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး၌ ခေါင်းဆောင်ကြီးများက အာဆီယံမျှော်မှန်းချက် ၂၀၂၀ နှင့် ဘာလီကွန်းကော့-၂ တို့တွင် ရည်မှန်းထားသည့် အာဆီယံအသိုက်အဝန်းထူထောင်မှုကာလကို ၂၀၂၀ ပြည့်နှစ်အစား ရှေ့ငါးနှစ်တိုး၍ ၂၀၁၅ ခုနှစ်တွင် ထူထောင်ရန် ထပ်မံကတိကဝတ်ပြုခဲ့ကြပါသည်။ အာဆီယံအသိုက်အဝန်းကို အသိုက်အဝန်း သုံးခုဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (အေပီအက်စ်စီ)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းတို့ကို မဏ္ဍိုင်ပြု၍ ထူထောင်ရန်ဖြစ်ပါသည်။ ၎င်းတို့အနက် အေအီးစီမဏ္ဍိုင်အတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း အသေးစိတ်ပုံစံ (AEC Blueprint) ကို ၂၀၁၅ ခုနှစ် မတိုင်မီ အကောင်အထည်ဖော်ရန်အတွက် စီဘူးကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ ကြေညာချက်သည် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်နိုင်ရန်အတွက် တွန်းအားပေးရန်နှင့် အာဆီယံဒေသကို ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းသွားလာနိုင်ရန်နှင့် ငွေကြေးအရင်းအနှီးများ ပိုမိုလွတ်လပ်စွာ စီးဆင်းနိုင်သည့်ဒေသဖြစ်ရန် သဘောတူခဲ့ကြခြင်းဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ဝိသေသလက္ခဏာများမှာ တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ (Single Market and Production Base)၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသ (Competitive Economic Region)၊ စီးပွားရေးဖွံ့ဖြိုးမှုမျှတသောဒေသ (Equitable Economic Development) နှင့် ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းမှုရှိသောဒေသ (Integration into the Global Economy) တို့ဖြစ်ပါသည်။

AEC Blueprint တွင် အထက်ဖော်ပြပါ ဝိသေသလက္ခဏာတစ်ခုချင်းစီအလိုက် အကောင်အထည်ဖော်ရမည့်ကိစ္စရပ်များ အသေးစိတ်ကို ပြီးစီးရမည့်အချိန်ကာလနှင့်တစ်ကွ တိကျစွာဖော်ပြသည့် Strategic Schedule ပါရှိရာ ၎င်းသည် AEC Blueprint ၏ အရေးပါသည့် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ Strategic Schedule တွင် နှစ်အလိုက်ဆောင်ရွက်အကောင်အထည်ဖော်ရမည့် ကိစ္စရပ်များ (Measures) ကို ၂၀၀၈ ခုနှစ်မှစတင်ပြီး ၂၀၁၅ ခုနှစ်အထိ နှစ်နှစ်လျှင် အဆင့် (Phase) တစ်ခုဖြင့် အဆင့် (၄) ဆင့် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အဆင့်အလိုက်ကာလသတ်မှတ်ချက်များမှာ အဆင့်-၁ (၂၀၀၈-၂၀၀၉)၊ အဆင့်-၂ (၂၀၁၀-၂၀၁၁)၊ အဆင့်-၃ (၂၀၁၂-၂၀၁၃)နှင့် အဆင့်-၄ (၂၀၁၄-၂၀၁၅) တို့ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးသည် Strategic Schedule ပါ မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရန် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

အေအီးစီ အကောင်အထည်ဖော်ရာ၌ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည်များရှိသကဲ့သို့ အဖွဲ့ဝင်နိုင်ငံအလိုက် ထူးခြားသည့် ဝိသေသများအရလည်းကောင်း၊ ပြင်ပကိစ္စရပ်များကြောင့်လည်းကောင်း အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်တွေ့ကြုံရပါသည်။ အဓိကတွေ့ကြုံရသည့် စိန်ခေါ်မှုမှာ ခေတ်မီနည်းပညာရရှိရေး၊ ဘဏ္ဍာရေး အခက်အခဲ တို့ဖြစ်သည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံအားလုံးနှင့် တစ်နိုင်ငံချင်းအလိုက် အေအီးစီ Measures များ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို Scorecard ဖြင့် သုံးသပ်တိုင်းတာပြီး တစ်နှစ် (၂)ကြိမ် ကျင်းပသည့် အေအီးစီကောင်စီ အစည်းအဝေးမှတစ်ဆင့် အာဆီယံထိပ်သီးအစည်းအဝေးသို့တင်ပြကာ အာဆီယံခေါင်းဆောင်ကြီးများက အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်မှုများကို အောင်မြင်ရရှိမှုများအဖြစ် မှတ်တမ်းတင်ပြီး အကောင်အထည်ဖော်ရန်ခက်ခဲနေသည့် Measures များအပေါ် လမ်းညွှန်မှုပြုကြပါသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီအနေဖြင့် အေအီးစီ Measures များ နှစ်အလိုက်အကောင်အထည်ဖော်ပြီးစီးရေးအတွက် ဖြစ်နိုင်သည့်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပသည့် ထိပ်သီးအစည်းအဝေး၌ Phano၊ Penh Agenda ထုတ်ပြန်ကြေညာလျက် အေအီးစီ Measures များအချိန်နှင့် တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရေးအတွက် အရှိန်နှစ်ဆတိုး ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ကြပြီး ၂၀၁၃ ခုနှစ်တွင် မဖြစ်မနေ အကောင်အထည်ဖော်ပြီးစီးရန် Measures များနှင့် ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ပြီးစီးရန် Measures များကို Prioritised Key Deliverables အဖြစ် သတ်မှတ်အကောင်အထည်ဖော်ခဲ့ပါသည်။ သို့ရာတွင် အချို့သော Prioritised Key Deliverables များမှာ သတ်မှတ်အချိန်အတွင်း အကောင်အထည်မဖော်နိုင်သည်များရှိသဖြင့် ယင်းတို့ကို Unimplemented Prioritised Key Deliverables အဖြစ်သတ်မှတ်ပြီး ယင်းတို့အနက် အကောင်အထည်မဖော်နိုင်ပါက အာဆီယံဒေသတွင်း ကုန်သွယ်မှုကို ထိခိုက်နိုင်သည့် Deliverables များကို High Priority Measures များအဖြစ် သတ်မှတ်ကာ ၂၀၁၅ ခုနှစ် အကုန်တွင် အကောင်အထည်ဖော်ပြီးစီးရေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ထူထောင်မှုတွင် ၃၁-၁၀-၂၀၁၅ ရက်နေ့ စာရင်းများအရ အေအီးစီ အကဲဖြတ်မှတ်တမ်းပါ Measure ၅၀၆ ခုကို အခြေခံပြီး တွက်ချက်ပါက အာဆီယံနိုင်ငံအားလုံး၏ ပျမ်းမျှအကောင်အထည်ဖော်နိုင်မှုမှာ ၉၂ ဒသမ ၇ ရာခိုင်နှုန်းရှိပါသည်။ ယင်းမှာ Measure ၅၀၆ ခုအနက် အကောင်အထည်မဖော်နိုင်ပါက အာဆီယံဒေသတွင်းကုန်သွယ်မှုကို ထိခိုက်နိုင်သည့် (၂၀၁၅ ခုနှစ်အတွင်း မဖြစ်မနေ အကောင်အထည်ဖော်ရမည့် Measure ၅၄ ခု) Measure များ အပါအဝင် Measure ၄၆၉ ခု အကောင်အထည်ဖော်နိုင်ခဲ့ခြင်းကြောင့် ယင်း ၉၂ ဒသမ ၇ ရာခိုင်နှုန်းရရှိခြင်းဖြစ်ပါသည်။ အာဆီယံနိုင်ငံအချို့မှာ ၉၅ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ပြီး မြန်မာနိုင်ငံမှာ ၉၄ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ကာ အာဆီယံနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံနှင့် အဆင့်တူ ၇ ဖြင့် ရပ်တည်လျက်ရှိပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ အေအီးစီ ၂၀၁၅ အကောင်အထည်ဖော်မှုကိုကြည့်ပါက အေအီးစီမဏ္ဍိုင်အတွက် Focal ဝန်ကြီးဌာနအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အေအီးစီမဏ္ဍိုင်အောက်ရှိ စီးပွားရေးနှင့် တိုက်ရိုက်ဆက်စပ်သည့်ဝန်ကြီးဌာန ၂၀ အစိုးရအဖွဲ့အစည်း သုံးခုနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်းညှိနှိုင်းလျက် အေအီးစီ ၂၀၁၅ အကောင်အထည်ပေါ်လာရေးအတွက် AEC Blueprint ၏ Strategic Schedule ပါ Measures များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်လျက်ရှိပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်း စီမံချက်ကိုရေးဆွဲကာ ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးများက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးချုပ်များက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ၁၅ ဖွဲ့ကို ဖွဲ့စည်းပြီး ဦးဆောင်ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ကာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးများကိုကျင်းပ၍ လုပ်ငန်းများပြီးစီးရေး ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းကော်မတီ ၁၅ ဖွဲ့သည် အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit) ပေါင်းစပ်ညှိနှိုင်းလျက် အေအီးစီဆိုင်ရာ အကောင်အထည်ဖော်ရမည့်ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ ၁၅ ခုသည် အေအီးစီဖြစ်ပေါ်လာလျှင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ၊ ရရှိလာနိုင်သည့် အခွင့်အရေးများ၊ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အခွင့်အရေးများကို မိမိရရ ရယူနိုင်ရန်တို့အတွက် ပြင်ဆင်ထားရှိရမည့် ကိစ္စရပ်များ၊ အစိုးရဘက်မှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ထဲထဲဝင်ဝင် ဂယနဏ သိရှိနိုင်ရေးအတွက် လုပ်ငန်းရှင်များနဲ့ group discussion များကို အခါအားလျော်စွာပြုလုပ်လျက်ရှိပါသည်။

တစ်ချိန်တည်းတွင် လုပ်သားပြည်သူတစ်ရပ်လုံး လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုတာ ဘာလဲ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (အက်ဖ်တာ)မှာ ပါဝင်အကောင်အထည်ဖော် နေရပြီဖြစ်တဲ့အတွက် အက်ဖ်တာဖြစ်ပေါ်လာရင် ဘာအကျိုးအမြတ်ရရှိမလဲ၊ ဘာတွေ ဖြည့်ဆည်းပေးရမလဲ၊ ဘာတွေ လိုက်နာဆောင်ရွက်ရမလဲ၊ လုပ်ငန်းရှင်များအပေါ်၊ လုပ်သားပြည်သူ တစ်ရပ်လုံးအပေါ်၊ နိုင်ငံတော်အပေါ် ဘာအကျိုးသက်ရောက်မှုရှိမလဲ စသည်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် စာစောင်များ၌ ရေးသားဖော်ပြခဲ့ပါသည်။ ဆွေးနွေးပွဲများ တွေ့ဆုံဆွေးနွေးမှုများ၊ ဟောပြောပွဲများကိုလည်း ဒေသအသီးသီးမှာ ဒေသခံပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ပြုလုပ်လျက်ရှိကြပါသည်။

အတွေ့အကြုံရှိသည့် အိမ်နီးချင်းနိုင်ငံ၊ အာဆီယံရဲ့ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းကျင်းပသည့်အပြင် ဒေသဆိုင်ရာ သုတေသနဌာနများနှင့်လည်း အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ(အက်ဖ်တာ) ဖြစ်လာသည့်အချိန်၌ အက်ဖ်တာနှင့်အတူ အေအီးစီ ဖြစ်ပေါ်လာမည့်အချိန်တွင် တွေ့ကြုံရနိုင်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများစသည့် အကျိုးသက်ရောက်မှုများကို ဖြေရှင်းနိုင်ရန် သုတေသနလုပ်ငန်းများ၊ ဆွေးနွေးပွဲများကို ညှိနှိုင်းပြီး နှစ်ဖက်သင့်လျော် အဆင်ပြေသည့်အချိန်၌ ကျင်းပပြုလုပ်လျက်ရှိပါသည်။

အေအီးစီထူထောင်ရာတွင် အစိုးရအရာထမ်း၊ အမှုထမ်း၊ ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များ အပါအဝင် ပတ်သက်ဆက်နွယ်သူ (Stakeholder) အားလုံး အေအီးစီ၏ ရည်မှန်းချက်၊ အေအီးစီ၏ သွင်ပြင်လက္ခဏာ၊ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ရရှိမည့်အကျိုးနှင့် ကြိုတင်ပြင်ဆင်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထဲထဲဝင်ဝင် ဂယနဏ သိရှိပြီး ပါဝင်ဆောင်ရွက်နိုင်ရန် နေပြည်တော်နှင့် ရန်ကုန်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်၊ တောင်ကြီးစသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့များတွင် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ အာဆီယံစီးပွားရေးလေ့လာမှု လက်မှတ်ရ သုံးလသင်တန်းများကို ၉-၁၀-၂၀၁၂ ရက်နေ့မှစ၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ရှစ်ကြိမ် ကျင်းပခဲ့ပြီး မန္တလေးတက္ကသိုလ်တွင် ၁၅-၇-၂၀၁၃ ရက်နေ့မှစ၍ သုံးကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ သင်တန်းသား စုစုပေါင်း ၁၂၀၀ ခန့်ကို ဘာသာရပ်ဆိုင်ရာဌာနများက အေအီးစီအပါအဝင် အာဆီယံအသိုက်အဝန်းဆိုင်ရာကိစ္စရပ်များကို သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။

ထို့အပြင် ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုမှ အဓိကကူညီပံ့ပိုးပြီး PT & MM Event Ads Co.,Ltd မှ အာဆီယံစီးပွားရေးအသိုက်အဝန်း အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များကို ၂၀၁၂ ခုနှစ်မှစတင်၍ ရန်ကုန်မြို့တွင် (၁၀) ကြိမ်၊ မန္တလေးမြို့တွင် နှစ်ကြိမ်၊ မော်လမြိုင်မြို့၊ ဘားအံမြို့၊ မြင်းခြံမြို့နှင့် မြဝတီမြို့များတွင် တစ်ကြိမ်စီ စုစုပေါင်း (၁၆)ကြိမ် ကျင်းပခဲ့ပါသည်။ ယင်း၏ ရလဒ်အဖြစ် အာဆီယံပြည်သူ့ဂုဏ်ပြုဆု (ASEAN People’s Award)ကို မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် လက်ခံရရှိခဲ့ပါသည်။

ယခုဆောင်းပါးပါ ဖော်ပြပါအချက်များသည် အာဆီယံနိုင်ငံများ၊ ဘာသာရပ်ဆိုင်ရာ အစိုးရဌာနများနှင့် ပုဂ္ဂလိကမှ အေအီးစီ ၂၀၁၅ အကောင်အထည်ဖော်ရေး ဆောင်ရွက်ချက်များအနက် အချို့ကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ အေအီးစီသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အကောင်အထည်ပေါ်လာမည်ဖြစ်ပြီး ၎င်းသည် အေအီးစီ ခရီးအစသာဖြစ်ကြောင်းနှင့် အေအီးစီ ခိုင်မာတောင့်တင်းရေးအတွက် ပတ်သက်ဆက်နွယ်သူအားလုံး ဆက်လက်ပါဝင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေကြမ်း(၂)ခုအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခြင်း ဆောင်ရွက်သည်။

အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အချက်များအပါအဝင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အမှတ်စဉ်များကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်းနှစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ကြယ်ပွင့်ပြမေးခွန်း(၄)ခုမေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **နိုင်ငံတော်တွင် ကျူးကျော်နေထိုင်သူများအပါအဝင် များစွာသော ပြည်သူတို့မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားသက်သေခံလက်မှတ် ထုတ်ပေးနိုင်ခြင်း မရှိသေးသဖြင့် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမြင့်က ရွှေ့ပြောင်းသွားလာနေသူများ၏ အိမ်ထောင်စုအလိုက် လူဦးရေစာရင်းများ အနီးစပ်ဆုံး ရရှိနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်နေထိုင်ခဲ့သည့် မြို့နယ်များတွင် စာရင်း ရှိ၊ မရှိ စိစစ်ခြင်း၊ မှန်ကန်ပါက စာရင်းပယ်ဖျက်၍ အမြဲအခြေချနေထိုင်မည့် မြို့နယ်တွင် အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးပြီးပါက မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံသားဥပဒေဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ တွေ့ကြုံနေရသည့် အခက်အခဲများမှာ ဥပဒေ၊ နည်းဥပဒေများကြောင့် မဟုတ်ကြောင်း၊ အတည်တကျနေထိုင်ခြင်းမရှိဘဲ မကြာခဏရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားများ တင်ပြနိုင်မှု အခြေအနေများအပေါ် မူတည်၍ ခက်ခဲနေခြင်းဖြစ်၍ လက်ရှိကျင့်သုံးနေသော ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းပြောကြားသည်။



ရွှေပြည်သာ မဲဆန္ဒနယ်မှ
ဦးတင်မောင်ဦး



ဒုတိယဝန်ကြီး
ဦးဝင်းမြင့်

ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၏ **မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးတွင် လူထုမှ ပူးပေါင်းပါဝင်နိုင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ပြည်သူလူထုကို မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၈၉ ခုနှစ်၊ ၁၉၉၃ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် (၅)ကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာ (၃)ရပ်၊ နည်းနာနိဿယ(၃)ရပ်နှင့် လုပ်ငန်းစဉ် (၅)ရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရမှ ၁၉၉၉ -၂၀၀၀ ခုနှစ်မှ ၂၀၁၃ -၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄ - ၂၀၁၅ မှ ၂၀၁၈ - ၂၀၁၉ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၅)နှစ် စီမံကိန်းထပ်မံရေးဆွဲ၍ ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများဆိုင်ရာဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် လူထုမှပူးပေါင်းပါဝင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်ခဲ့ပါကြောင်း၊ အဆိုပါမူဝါဒနှင့်အညီ နှစ်ရှည်စီမံကိန်း၊ နှစ်စဉ်စီမံကိန်းများရေးဆွဲလျက် ပြည်သူလူထုနှင့် ပြည်တွင်းရှိ NGO, INGOs အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC) အဖွဲ့များ ပူးပေါင်းပါဝင်လျက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးကြပြီး ပြင်ဆင်ချက်(၁၈)ချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပိုးသတ်ဆေးဥပဒေကြမ်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၂)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း (၂)ခုအား အတည်ပြုခြင်း၊ အစီရင်ခံစာ(၃)ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာ(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးအတွက် ဆောလောင်းရှည်-စေတုတ္တရာ လမ်းဖောက်လုပ်ရာတွင် နှစ်ပေါင်းများစွာ စားမဦးချလုပ်ကိုင်ခဲ့သော လယ်ယာမြေများ ပျက်စီးဆုံးရှုံး နစ်နာရခြင်းအတွက် ဥပဒေအရ ထိုက်သင့်သော လျော်ကြေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်နှင့် ဂန့်ဂေါခရိုင်အတွင်းတွင်ရှိသည့် ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်း ဖောက်လုပ်ရာတွင် လမ်းဧရိယာနှင့် မလွတ်ကင်း၍ ပါဝင်သွားသည့် ဆောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၅)အုပ်စုမှ တောင်သူ (၂၄)ဦး၏ လယ်ယာမြေ ၇ ဒသမ ၄၅ ဧကအတွက် မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးအတွက် ငွေကျပ် (၁၃၇၆၅၀၀၀)အား ပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် အဆိုပါ လမ်းဖောက်လုပ်ရာတွင် လမ်းဧရိယာနှင့် မလွတ်ကင်းသည့်အတွက် ပါဝင်သွားခဲ့သော ဦးသိန်းထွန်းအောင်ပါ တောင်သူ(၄)ဦးနှင့် ဒေါ်သိန်းရီတို့၏ လယ်ယာမြေများအတွက် နစ်နာကြေးများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်၏ အတည်ပြုချက်ရရှိပါက မြေယာလျော်ကြေး အမြန်ဆုံး ပေးချေနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် **ပိုးသတ်ဆေးဥပဒေကြမ်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌက **အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ၊ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီနှင့်**



ဒုတိယဝန်ကြီး ဦးစိုးတင့်

**အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီတို့၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ**ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် **အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီတို့၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ**ကို ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌက ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

### ✱ ခရီးသွားမှ

နှစ်ဦးနှင့် အမေရိကန်နိုင်ငံသား တစ်ဦး စုစုပေါင်း ငါးဦးပါဝင်သောအဖွဲ့သည် မော်တော်ဆိုင်ကယ် ငါးစီးဖြင့် ဒီဇင်ဘာ ၃ ရက်တွင် တမူးမြို့မှ တစ်ဆင့် ဝင်ရောက်လာပြီး တမူး-ကလေး-မုံရွာ-မန္တလေး-ပုဂံ-မကွေး- အမ်း-မြောက်ဦး- အမ်း-ငပလီ-ပြည်-ရန်ကုန်-ကျိုက်ထီးရိုး-ဘားအံ-မြဝတီမြို့များသို့ သွားရောက်လည်ပတ်ကာ မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားခဲ့သည်။

ထို့အတူ All Asia Exclusive Travels & Tours ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသား တစ်ဦး၊ အမေရိကန်နိုင်ငံသား တစ်ဦး၊ ဗြိတိန်နိုင်ငံသား တစ်ဦး၊ ဆွစ်ဇာလန်နိုင်ငံသား နှစ်ဦး၊ ဂျာမနီနိုင်ငံသားတစ်ဦး စုစုပေါင်း ခြောက်ဦး ပါဝင်သောအဖွဲ့သည် မော်တော်ဆိုင်ကယ်ငါးစီးဖြင့် ဒီဇင်ဘာ ၃ ရက်တွင် မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်လာပြီး မြဝတီ- မော်လမြိုင်-ကျိုက်ထီးရိုး- ပဲခူး-ပြည်-ပုဂံ-မန္တလေး-အင်းလေး-ညောင်ရွှေ-မိုင်းပြင်း-ကျိုင်းတုံ-တာချီလိတ် မြို့များသို့ သွားရောက်လည်ပတ်ကာ ဒီဇင်ဘာ ၁၆ ရက်တွင် တာချီလိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထို့အပြင် Mother Ayeyawaddy Travels & Tours ၏ အစီအစဉ်ဖြင့် အိန္ဒိယ နိုင်ငံသားအဖွဲ့ဝင်လေးဦးတို့သည် မော်တော်ယာဉ်တစ်စင်းဖြင့် ဒီဇင်ဘာ ၂ ရက်တွင် တမူးမြို့မှတစ်ဆင့် ဝင်ရောက်လာပြီး တမူး-ကလေး-မုံရွာ-ပုဂံ-နေပြည်တော်-မော်လမြိုင်-မြဝတီမြို့များသို့ သွားရောက်လည်ပတ်ကာ မြဝတီမြို့မှထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။ အလားတူ Myanmar Senses Family Travels & Tours ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်သာလန်နိုင်ငံသား ဧည့်သည်တစ်ဦးသည် မော်တော်ယာဉ်တစ်စင်းဖြင့် ဒီဇင်ဘာ ၁၈ ရက်တွင် မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်လာပြီး မြဝတီ- ဘားအံ- ကျိုက်ထီးရိုး- ရန်ကုန်-မုံရွာ- ကလေး-တမူးမြို့များသို့ သွားရောက်လည်ပတ်ကာ ဒီဇင်ဘာ ၂၂ ရက်တွင် တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အနုပညာလက်ရာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သာယာလှပသောရှုခင်းများ၊ လက်မှုပညာရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဓလေ့စရိုက်များကို ကိုယ်တိုင်မြင်တွေ့ သိရှိခံစားလိုခြင်းများကြောင့် လာရောက်လည်ပတ်မှု တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသကဲ့သို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များက မြန်မာနိုင်ငံ၏ ကောင်းသတင်းများကို လက်ဆင့်ကမ်း ချီးမွမ်းစကားပြောဆိုခဲ့မှုများကြောင့် လည်ပတ်သင့်သော ခရီးစဉ်ဒေသတစ်ခုအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စရီနားတား ဒီဆီလီယန်နှင့်အဖွဲ့ အား လက်ခံတွေ့ ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စရီနားတား ဒီဆီလီယန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အထွေထွေရွေးကောက်ပွဲကိစ္စရပ်များ၊ ဖွံ့ဖြိုးမှုအကူအညီများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများတက်ရောက်သည်။

**(သတင်းစဉ်)**

# ပြည်တွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဒုတိယသမ္မတ ဦးညကြာထွန်းသည် အမေရိကန်ကွန်ဂရက် အထက်လွှတ်တော်အမတ် မစ္စတာ သောမတ်စ်ကော်တွန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မှု၊ တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့မှု၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဟံစိန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

### ❖ နှစ်သစ်ကူးလက်ဆောင်မှ

ရေလှောင်တမံအမျိုးအစားမှာ မြေသားတမံ(ဇုန်အမျိုးအစား)ဖြစ်ပြီး အလျား ၂၄၆၁ ပေ၊ အမြင့် ၂၅၈ ပေရှိသည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး အကျယ် ၂၉၅ ဒသမ ၃ ပေရှိသည်။ တမံတွင် ရေလွှဲဥမင်နှင့် ရေအားလျှပ်စစ်ဥမင်တို့ရှိမှာဖြစ်ပြီး ရေအားလျှပ်စစ်ဥမင်မှာ အချင်းပေ ၂၀၊ အလျား ၁၆၄၄ ပေရှိသည်။

ရေအားလျှပ်စစ်စက်ရုံအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၁၃၅ ပေ၊ အနံ ၈၄ ပေ၊ အမြင့် ၈ ပေဖြစ်သည်။ ရေအားလျှပ်စစ်တာဘိုင်မှာ ဖရန့်ဆစ်တာဘိုင်အမျိုးအစားဖြစ်ပြီး ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၃၀ မဂ္ဂါဝပ်၊ ၁၅ မဂ္ဂါဝပ် × ၂လုံး ဖြစ်သည်။ ၎င်းမှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ၁၃၅ ဒသမ ၇၀ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်ပေးနိုင်မှာဖြစ်သည်။

ရေပေးဝေရေးမြောင်းမကြီး နှစ်ခုရှိပြီး အမှတ်(၁)မြောင်းမကြီးမှာ ၁၁ ဒသမ ၄ မိုင်ရှည်ပြီး မြောင်းမကြီး(၂)မှာ ၁၀ မိုင်ရှည်လျားသည်။ မြို့ကြီးဘက်စုံရေလှောင်တမံသည် ယနေ့နှစ်သစ်ကူး ၁ ရက်တွင် ဖွင့်လှစ်လိုက်သဖြင့် ၎င်းမှတစ်ဆင့် ကျောက်ဆည်ခရိုင်အတွင်းရှိ လက်ရှိဇော်ဂျီဆည်ရေသောက်ဧရိယာဧက ၈၂၀၀၀ အား ရေပိုမိုပေးဝေနိုင်မည်ဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့် မိတ္ထီလာလွင်ပြင်အတွင်းရှိ ရေသောက်ဧရိယာဧက ၃၃၀၀၀ ခန့်တို့ကို ဆည်ရေဖြင့် သီးနှံများပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထို့အပြင် လျှပ်စစ်ဓာတ်အားနှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅ ဒသမ ၇၀ ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နှစ်သစ်ကူးလက်ဆောင်အဖြစ် မြို့ကြီးဘက်စုံရေလှောင်တမံကို ယနေ့ ဖွင့်လှစ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

### ❒ ကျောဖုံးမှ

ပြီးခဲ့သည့်ဇွန်လအတွင်းက မြန်မာအစိုးရအားကိုယ်စားပြုသော သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီက ဇုန်အေအတွင်းရှိမြေကွက်များကို တတိယအဖွဲ့အစည်းများသို့ တစ်ဆင့်ငှားရမ်းခွင့်အား (MJTD)သို့ ပေးအပ်ခဲ့သည်။ Boxpak (Myanmar) ၏ ငှားရမ်းမှုသက်တမ်းကာလမှာ စတင်ငှားရမ်းသည့်အချိန်က ၂၀၆၄ ခုနှစ် ဇွန်လ ၄ ရက်ထိဖြစ်ပြီး ငှားရမ်းခမှာ သက်ဆိုင်ရာအခွန်အခများ သို့မဟုတ် အဖိုးအခများထည့်မတွက်ဘဲ စတုရန်းမီတာတစ်မီတာအတွက် အမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာဖြစ်ပြီး စုစုပေါင်း အမေရိကန် ဒေါ်လာ ၅ ဒသမ ၆၁၂ သန်း ပေးချေရမည်ဖြစ်သည်။ စီမံခန့်ခွဲရေးကော်မတီနှင့် မူလငှားရမ်းရေး သဘောတူညီချက်အရ ရွေးပိုင်ခွင့်များ အသုံးပြုကာ MJTD က ဇုန်အေငှားရမ်းမှုသက်တမ်းတိုးပါက Boxpak (Myanmar) က နောက်ထပ် ၂၅ နှစ် ငှားရမ်းခွင့်ရရှိလာမည်ဖြစ်သည်။ အဆိုပါမြေကွက်မှာ မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း (MITT)၊ သီလဝါဘူတာရုံတို့နှင့် ကပ်လျက် မဟာဗျူဟာကျကျတည်ရှိကြောင်း Boxpak (Myanmar)က ပြောကြားသည်။

The Star Online

## လောကချမ်းသာ ခြင်းလုံးရုံတွင် ခြင်းလုံးအလှ ခတ်ပြမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့က ကြီးမှူးကာ“ ခြင်းလုံးအစမြန်မာက ” ဆိုသည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနှင့် ယဉ်ကျေးမှုတို့ကို မြန်မာလူငယ်တို့ဆက်လက်ထိန်းသိမ်းရန် ရည်ရွယ်ကာ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း မင်းဓမ္မလမ်းနှင့် သုခိတလမ်းထောင့်ရှိ လောကချမ်းသာခြင်းလုံးရုံတွင် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီမှစ၍ ခြင်းအလှခတ်အဖွဲ့များက မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းဖြင့် ခြင်းအလှ ခတ်ပြကြမည်ဖြစ်ကြောင်းသိရသည်။

**မျိုးသန့် (ပြန်/ဆက်)**

# တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဖျက်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာအဟန့်အတားများကို လျှော့ချသွားရန်အတွက် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို ဒီဇင်ဘာ ၃၀ ရက်က ဖျက်သိမ်းလိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ အခွန်အခများ အပြည့်အဝရရှိနိုင်ရေး၊ ကုန်သည်လုပ်ငန်းရှင်များအားလုံး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်မှသာ လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် မှန်ကန်ညီမျှသော အကျိုးအမြတ်များ ခွဲဝေရရှိစေရေးနှင့် နိုင်ငံ၏ စီးပွားရေးကုန်သွယ်မှုကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်မှုများကြောင့် ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုများ အထိုက်အလျောက်တိုးတက်ခဲ့သော်လည်း ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာအဟန့်အတားများကို လျှော့ချနိုင်ရန် လိုအပ်ချက်အရ အဆိုပါကော်မတီကို နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာဖြင့် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

Mobile Team အဖွဲ့တွင် အကောက်ခွန်၊ မြန်မာနိုင်ငံရဲ၊ ပြန်/ဆက်၊ ဆိပ်ကမ်းအာဏာပိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကုန်သည်အသင်း စသည့် ပူးပေါင်းအဖွဲ့ဝင်များ ပါဝင်ပြီး ၎င်းတို့ကို မိခင်ဌာနသို့ ပြန်လည်စေလွှတ်ပြီးဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တရားမဝင်တင်ပို့၊ တင်သွင်းနေမှုများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် မန္တလေး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် လှုပ်ရှား-၁(နောင်ချို)၊ ရန်ကုန်-မြဝတီကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် လှုပ်ရှား-၂ (ညောင်ခါးရှည်)၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ကမ်းရိုးတန်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဌာနဆိုင်ရာ အဖွဲ့စုံများပါဝင်သော Mobile Team များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ကြေးမုံသတင်းအဖွဲ့)**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်(နေပြည်တော်)တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးအား အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းကျောင်း (GSAD) တွင် ပို့ချလျက်ရှိသည့် သင်တန်းများ၊ ဆက်လက်ပို့ချမည့် သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် သုတေသီများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ မှီငြမ်းကိုးကားနိုင်ရန် ဆောင်ရွက်ပေးသောဌာနဖြစ်၍ စာရွက်စာတမ်း၊ စာအုပ်များ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်၊ လက်ရှိတည်ဆောက်ပြီးစီးမှုအခြေအနေနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်နိုင်မည့် အနာဂတ်အစီအစဉ်များချမှတ်အကောင်အထည်ဖော်ရန်၊ တည်ဆောက်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီစေရန်၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးဆောင်ရွက်ရန်၊ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းကျောင်းတွင် ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ခြင်းဖြင့် တက်ရောက်သင်ကြားသည့် နိုင်ငံ့ဝန်ထမ်းများသည် ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပတ်ဝန်းကျင်နှင့်အညီ မိမိတို့လုပ်ငန်းများကို အရည်အချင်း ပြည့်ဝစွာ စီမံခန့်ခွဲနိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ဝန်ထမ်းဖြစ်လာစေရန်နှင့် နိုင်ငံတကာအဆင့် အသိပညာများ ရရှိစေနိုင်မည်ဖြစ်၍ အရည်အသွေးမြင့်မား၍ ရေရှည်တည်တံ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၀၆၆ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မြို့နယ်ထွေ/အုပ်၊ မမစ (ဘူးသီးတောင်)နှင့် အကောက်ခွန်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက်က ဘူးသီးတောင်မြို့ ဆိပ်ကမ်းသို့ ဝင်ရောက်လာသော 'အောင်သူဟိန်း' စက်လှေကို သတင်းအရရှာဖွေရာ မြွေရေခွံအိတ် ငါးအိတ်အတွင်း နက်စ်ကော်ဖီဂျပ်ဖာ ၁၅ ဖာဖြင့် ထည့်ထားသည့် R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၄ သိန်း ရှာဖွေတွေ့ရှိခဲ့သဖြင့် ရေယာဉ်အုပ်စံလှနှင့် ပါဝင်ပတ်သက်သူများအား စစ်ဆေးလျက်ရှိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မောင်တောမြို့ အနောက်ရပ်ကွက် အလယ်ရွာနေ စောဝေ၏ နေအိမ်ကို ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ မြွေရေခွံအိတ်အတွင်း R စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆၆၆ သိန်း ထပ်မံသိမ်းဆည်းရမိသဖြင့် စောဝေ(၄၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



# မုံရွာမြို့ သီရိရတနာဈေး ပုံမှန်ပြန်လည်ဖွင့်လှစ်

**မုံရွာ ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ ၂၉ ရက်ညက မီးလောင်ခဲ့သော မုံရွာမြို့ သီရိရတနာဈေးကို ဒီဇင်ဘာ ၃၀ ရက်တွင် စည်ပင်ဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကာ ၃၁ ရက်နံနက်ပိုင်းမှစ၍ ပုံမှန်အတိုင်း ဈေးဆိုင်များဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။

ဈေးဆိုင်များအန္တရာယ်ကင်း၍ သန့်ရှင်းစွာ ဖွင့်လှစ်နိုင်ရန်အတွက် မီးလောင်သောနေရာကို အကာအရံများပြုလုပ်၍လည်းကောင်း၊ ယခင်ဖွင့်လှစ်နေသော အပေါက်လေးပေါက်မှ ဝင်သောလမ်းပေါ်တွင် ဖွင့်သောဈေးဆိုင်များကို ဖွင့်ခွင့်မပြုဘဲ ရှင်းလင်း၍လည်းကောင်း ဈေးကို ပြန်လည်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဈေးသူဈေးသားများ၊ ဒေသခံအများစု ထင်မြင်ယူဆထားသည်နှင့် သက်ဆိုင်ရာရဲတပ်ဖွဲ့များ၏ သုံးသပ်အရေးယူထားမှုများသည် ကွဲလွဲမှုရှိနေသောကြောင့် ဒေသခံအများစုအနေဖြင့် ဈေးမီးလောင်မှုအပေါ် သေချာစိစစ်ခြင်းကို ဥပဒေနှင့် အညီဟုသုံးနှုန်းကာ အာဏာသုံး ဆောင်ရွက်ခြင်းထက် ပြည်သူ၏အသံကို အလေးထားဂရုပြုဆောင်ရွက်စေလိုကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက် နံနက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ရ သောဈေးသည်များတွင် မီးဖိုမီးအသုံးပြုသော ဈေးသည်အများစု ဆိုင်ထွက်ခွင့် မရသေးဘဲ အလယ်အူကြောင်းထွက် ပျံကျဈေးသည်များလည်း နေရာမရဖြစ်နေသေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မိတ္ထီလာမြို့ရှောင်လမ်းပေါ်တွင် မော်တော်ယာဉ်များကို မကြာမီစမ်းသပ်မောင်းနှင်ခွင့်ပြုမည်

**မိတ္ထီလာ ဒီဇင်ဘာ ၃၁**

မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်တည်ဆောက်မှုလုပ်ငန်းများအားလုံး အပြီးသတ်ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း ကုန်တင်မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်ကြီးငယ်များကို မကြာမီစမ်းသပ်မောင်းနှင်ခွင့်ပြုရန် လမ်းအနေအထားအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းထံမှ သိရသည်။

"မြို့ရှောင်လမ်း ဖောက်လုပ်တဲ့လုပ်ငန်းက လုံးဝအပြီးသတ်သေးတာတော့မဟုတ်ဘူး။ လမ်းအနေအထားက ကျောက်ကြီးစီ၊ မြေဖို့၊ ရေဖျန်း၊ စက်ကြိတ်နင်းနယ်ထားပြီး မြေသားမာကျောတဲ့အနေအထားတော့ ရှိနေပြီ။ လောလောဆယ်တော့ လမ်းတစ်လျှောက် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်တွေ ဖြတ်သန်းမောင်းနှင်နိုင်မယ့် အနေအထားရှိ၊ မရှိ စစ်ဆေးနေတုန်းပဲ။ လမ်းကြောအနေအထားစစ်ဆေးပြီးတာနဲ့ မြို့ရှောင်လမ်းပေါ်မှာ မကြာမီ ဖြတ်သန်းမောင်းနှင်ခွင့်ပြုမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်သည့်လုပ်ငန်းမှာ နှစ်အတော်အတန်ကြာမြင့်ခဲ့ပြီဖြစ်ပြီး သပြေဝလမ်းဆုံမှ မိတ္ထီလာ-သာစည် ကားလမ်းမအထိ ၉ မိုင် ၂ ဖာလုံအား သော်တာဝင်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခြင်းဖြစ်ပြီး မိတ္ထီလာ - သာစည်ကားလမ်း (ပျဉ်သာကျေးရွာအနီး )မှ မြာရေဝေကျေးရွာလမ်းဆုံ ( မိတ္ထီလာ-မန္တလေးကားလမ်း)အနီးအထိ ၅ မိုင် ၂ ဖာလုံအား ယုဇနကုမ္ပဏီက တာဝန်ယူဖောက်လုပ်နေခြင်းဖြစ်သည်။

မိတ္ထီလာမြို့တွင်းလမ်း အများစုမှာ ကုန်တင် မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုကြောင့် ဆိုးဆိုးရွားရွား ပျက်စီးလျက်ရှိပြီး ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေးနှင့် လမ်းခရီးအဆင်ပြေချောမွေ့စေရေးအတွက် မြို့ရှောင်လမ်း အမြန်ဆုံးဖောက်လုပ်ပြီးစီးရန် ဒေသခံပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ၊ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊
☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊
☆ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊
☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

# ဓာတ်ဆီအရောင်းဆိုင်များအနေဖြင့် နှာခေါင်းစွပ်(mask)များကို မမေ့မလျော့အသုံးပြုသင့်




**မကွေး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကဓာတ်ဆီဆိုင်အချို့တွင် ဓာတ်ဆီရောင်းချသည့် ဝန်ထမ်းများမှာ လုပ်ငန်းခွင်အတွင်း ဓာတ်ဆီအငွေ့ကို တိုက်ရိုက်မရှူရှိုက်နိုင်သော နှာခေါင်းစွပ် (mask)များကို တပ်ဆင်မှုနည်းပါးသဖြင့် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါများ ခံစားရမည်ကို စိုးရိမ်ဖွယ်ရာရှိကြောင်း မကွေးမြို့ခံ ဆရာဝန်တစ်ဦးက ပြောသည်။

"ပုဂ္ဂလိက ဓာတ်ဆီအရောင်းဆိုင်၊ ပန့်ဆိုင်တွေက အရောင်းဝန်ထမ်းတွေ အနေနဲ့ လုပ်ငန်းခွင်အတွင်း ဓာတ်ဆီဖြည့်ချိန်မှာ နှာခေါင်းစွပ် (mask) တွေကို မမေ့မလျော့ တပ်ဆင်ထားသင့်တယ်။ ဆိုင်ရှင်တွေကလည်း ဒါကို စည်းကမ်းတစ်ရပ်အနေနဲ့ တင်းတင်းကျပ်ကျပ် သတ်မှတ်ဆောင်ရွက်သင့်တယ်။ ဓာတ်ဆီအငွေ့၊ အဓိကအားဖြင့် (Octane) အငွေ့တွေကို နေ့စဉ် ရှူရှိုက်မှုများလာရင် အာရုံကြောရောင်တဲ့ ရောဂါဖြစ်နိုင်တယ်။ ဦးနှောက်နဲ့အာရုံကြောတွေ ပျက်စီးနိုင်တဲ့အထိဖြစ်နိုင်တယ်။ အထူးသဖြင့် ခေါင်းကိုက်၊ ခေါင်းမူး၊ မအီမသာဖြစ်တာတွေခံစားရပြီး အကိုက်အခဲပျောက်ဆေးတွေသောက်လည်း မထူးတာမျိုးတွေ ဖြစ်လာတတ်တယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မကွေးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလာသည်နှင့်အမျှ အဝေးပြေးလမ်းမကြီးများတစ်လျှောက်တွင် ပုဂ္ဂလိက ဓာတ်ဆီဆိုင်များ အများအပြားဖွင့်လှစ်လာပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လင်းလာသည်မှာ မှန်သော်လည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ နည်းပါးနေသေးကြောင်း၊ အဆိုပါ ဓာတ်ဆီဆိုင်များအနေဖြင့် အရောင်းဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဓာတ်ဆီဖြည့် လုပ်ငန်းခွင်အတွင်း နှာခေါင်းစွပ် (mask)များ တပ်ဆင်ခြင်းကို လိုက်နာကျင့်သုံးစေရန် လုပ်ငန်းစည်းကမ်းတစ်ရပ်အနေဖြင့် ကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**

## စစ်တောင်းမြစ်ကူးတံတားဟောင်းငုတ်တိုင်များ ရေနည်းပါးချိန်ဖယ်ရှားရှင်းလင်းသင့်

**ထန်းတပင် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နှင့် အုတ်တွင်းမြို့နယ် မြင်းစုကျေးရွာကို ဆက်စပ်တည်ဆောက်ထားသော အမှတ်(၃) စစ်တောင်းမြစ်ကူးတံတားကြီး ပြီးစီးသွားပြီဖြစ်၍ အဆိုပါတံတားကြီး၏ အထက်ပိုင်း၌ ဖျက်သိမ်းထားသည့် ယာယီမြစ်ကူးတံတား ငုတ်တိုင်များသည် မိုးရာသီကာလရောက်လာသည့်အခါ မြစ်တွင်းသွားလာကြသည့် စက်တပ်လှေများအတွက် အန္တရာယ်များပြားလျက်ရှိပြီး ယခုလို မြစ်ရေနည်းပါးချိန်၌ ဖျက်သိမ်းသင့်ကြောင်း ထန်းတပင်မြို့ခံများက ပြောသည်။

"ဆောင်းရာသီနဲ့ မိုးရာသီဆိုရင် မြစ်ရေနည်းသွားပြီး အဲဒီအချိန်တွေမှာ အချိန်မီဖျက်နိုင်မှရမှာ။ တံတားဟောင်းကရှည်တော့ တော်တော်နဲ့ပြီးဖို့မလွယ်ဘူး"ဟု မြို့ခံတစ်ဦးကပြောသည်။

တံတားသစ်ကြီး တည်ဆောက်မှုမပြီးခင်က အဆိုပါ ယာယီမြစ်ကူးတံတားအား နှစ်စဉ်လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့ပြီး မြစ်ရေနည်းပါးသည့်ကာလများတွင် ထန်းတပင်မြို့နယ်မှ တောင်ငူမြို့သို့ ခရီးသွားလာကြရာ၌ အခကြေးငွေဖြင့် သွားလာရသည့် တံတားဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# သီရိမာလာငါးဈေးကွက်သို့ ငါးကြင်း၊ ငါးတန် လှိုင်လှိုင်ဝင်၊ အနယ်နယ်အရပ်သို့ ဖြန့်ချိ



**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးမြို့၏ ဈေးများ စည်းကမ်းတကျနှင့် စနစ်ကျနစွာတည်ရှိရေး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည်။ ကုန်စိမ်းဆိုပါက (၄၁)လမ်း ကုန်စိမ်းညဈေးတန်း၊ သားငါးဆိုပါက သီရိမာလာနေ့ဈေးနှင့်အတူ အခြားကုန်စည်များကိုလည်း သူ့နေရာနှင့် အလိုက်သင့်ဝယ်ယူရရှိနိုင်ပြီး အမှတ်သင်္ကေတအခေါ်အဝေါ်လေးများ ကွဲပြားလာခဲ့သည်။ ထင်းလိုချင်လျှင် (၂၂) လမ်းထိပ် စသည်ဖြင့် ရနိုင်သည့်ပစ္စည်းနှင့် ရနိုင်သည့်နေရာများ ကွဲပြားလာခဲ့သည်။

မန္တလေးမြို့ ဈေးများတွင် သူ့နေရာနှင့်သူတွင်ကျယ်စွာ ရောင်းဝယ်ဖောက်ကားပြီး အနယ်နယ်အရပ်ရပ်သို့ တင်ပို့ပေးနေသည်။ ထိုဈေးများထဲတွင် ငါးဈေးနှင့်ပတ်သက်သမျှ သီရိမာလာငါးဈေးမှာ နာမည်ကြီးပြီး နယ်စုံမှ လာရောက်ဝယ်ယူရောင်းချကြသည့် ဈေးကွက်တစ်ခုပင်ဖြစ်သည်။ အများစုမှာ ကမ်းနားလမ်းမှတစ်ဆင့် မတ္တရာနှင့် ရွှေဘိုဘက်ငါးမွေးကန်များမှ မွေးမြူရေးငါးမျိုးစုံ ဈေးကွက်တစ်ခုဖြစ်လာခဲ့သည်။ ငါးသိုလှောင်မှု၊ သယ်ယူပို့ဆောင်မှုတွင် လိုအပ်သော ရေခဲမျိုးစုံ၊ ထည့်စရာပစ္စည်းများ အလွယ်တကူရရှိနိုင်သည်။ လက်ရှိကာလတွင် စစ်ကိုင်း၊ ပျော်ဘွယ်မှအစ နယ်စုံမှကားများဖြင့် လာရောက်ဝယ်ယူကာ ငါးများကို ဖြန့်ချိပေးနေသည်။

ငါးဈေးတန်းတွင် အစည်ကားဆုံးအချိန်မှာ မွန်းတည့် ၁၂ နာရီနောက်ပိုင်း ပိုစည်ကားပြီး ငါးကန်များမှ ငါးများသည် ထိုအချိန်တွင် အများဆုံးရောက်ရှိလာကြသည်။ ငါးဈေးကွက်တွင် မတ္တရာနယ်နှင့် ရွှေဘိုဘက်ရှိ ငါးမွေးကန်များမှ အများဆုံးဝင်ရောက်လျက်ရှိသည်။ အများအားဖြင့် ငါးကြင်း၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်း၊ ငါးတန်၊ ငါးမုတ်တို့ အများဆုံးဝင်ရောက်လျက်ရှိသည်။ ငါးကြင်းနှင့် ငါးကြင်းဖြူ တစ်ပိဿာလျှင် ငွေကျပ် သုံးထောင်၊ ငါးတန် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၊ ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ်၂၀၀၀ ဈေးပေါက်ပြီး အကောင်အကြီး၊ အသေးအလိုက် ဈေးနှုန်းအနည်း၊ အများ ကွာခြားတတ်သည်။ နေ့စဉ် ငါးကားတစ်စီးလျှင် ငါးပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ကျော်အထိ တင်ဆောင်ကြသည်။

လက်ရှိကာလ မန္တလေးမြို့တွင် ငါးဈေးကွက်နှင့်ပတ်သက်လျှင် သီရိမာလာဈေးသည် နယ်စုံမှ အားထားဝယ်ယူကာ တစ်ဆင့်ဖြန့်ဖြူးနေရသော ဈေးတစ်ခုပင်ဖြစ်သည်။ ထိုဈေးတွင် နေ့စဉ် ငါးရောင်းဝယ်သူများ၊ ရေခဲရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး ငါးဝယ်ယူမှုတွင် အထူးအားထားရသော ဈေးတစ်ခုဖြစ်ကြောင်း သိရသည်။

**(တိမ်တမန်)**

# “မြန်မာနိုင်ငံကာတွန်းသက်တမ်းက နှစ်(၁၀၀)ပြည့်နေပေမယ့် တချို့နိုင်ငံတွေမှာ ကာတွန်းသက်တမ်း နှစ်(၂၀)၊ (၃၀) ပဲရှိပါသေးတယ်”

**(ကာတွန်းဆရာ အော်ပီကျယ်)**

မြန်မာကာတွန်းသက်တမ်း နှစ်(၁၀၀)ပြည့်ပွဲတော်ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဒီဇင်ဘာ ၃၀ နှင့် ၃၁ ရက်တို့တွင် ကာတွန်းအစီအစဉ်ပေါင်းများစွာဖြင့် ကျင်းပနေသည်မှာ အားရစရာပင်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလက ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင်ကျင်းပသည့် နိုဘယ်လ်မြန်မာစာပေပွဲတော်သို့ အခွင့်ကြုံ၍ရောက်ခဲ့သည်။ ထိုပွဲမှာ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာစုံတို့ဖြင့် တွေ့ခဲ့ရသည်။ ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင်ခွင့်တွေရခဲ့သည်။ ထိုပွဲမှာ ကာတွန်း နှစ်(၁၀၀)ပြည့်နှင့်ပတ်သက်၍ ဆရာ ဆရာမတို့ကို မေးမြန်းခွင့်ရခဲ့သည်။

“ကာတွန်းနှစ်(၁၀၀)အတွင်း ကာတွန်းဟာ တောက်လျှောက်တိုးတက်လာခဲ့တယ်။ အတွေးတွေလည်း တိုးတက်လာတယ်။ ပြည်သူတွေကို ကိုယ်စားပြုတဲ့ကာတွန်းတွေ တွေ့ရတယ်။ ကာတွန်းတာဝန်ကျေပါတယ်။ အခုအချိန်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေသာမက အွန်လိုင်းမှာလည်း ကာတွန်းတွေကြည့်နေရပြီဆိုတော့ စာမျက်နှာအများကြီးမှာ ရေးဆွဲခွင့်ရနေတဲ့ခေတ်ဖြစ်နေပါပြီ။ အရင်ခေတ်က ကာတွန်းဆရာတွေနဲ့ အခုခေတ်ကာတွန်းဆရာတွေရဲ့အတွေး၊ ဆွဲပုံဆွဲပေါက်တွေက တောက်လျှောက်မြင့်နေတယ်လို့ ခံစားတွေ့မြင်ရပါတယ်။ ဦးဘဂျမ်းလို ကာတွန်းဆရာမျိုးကတော့ ခေတ်သစ်လူငယ်တွေထဲမှာ မရှိတော့ဘူးမဟုတ်ဘူး၊ ရှိပါတယ်။ ဒါပေမယ့် ဦးဘဂျမ်းတို့ခေတ်က အင်္ဂလိပ်အစိုးရခေတ်၊ ဦးနု အစိုးရခေတ်။ အခုခေတ်ကာတွန်းဆရာတွေကတော့ အရင်ဦးဘဂျမ်းတို့ဝန်းကျင် ကာတွန်းဆရာတွေဖြတ်သန်းရပုံချင်းကတော့ မတူပါဘူး။ အဲဒီခေတ်က ကာတွန်းဆရာအပါအဝင် စာရေးဆရာလောကသားတွေက မှားရေး၊ မှားဆွဲရင် ထောင်တန်းကျဖို့ သေချာနေတော့ ခုလောက်မလွတ်လပ်ဘူးပေါ့။ အဲဒီတော့ လျှို့ဝှက်ပြီး သွယ်သွယ်ဝိုက်ဝိုက်ရေးရက တက်လာရတော့ သူတို့က အခက်အခဲကြားက ကိုယ်ပြချင်တာကိုရအောင် သွယ်ဝိုက်ပြကြရတဲ့ ပါရမီရှင်တွေအဖြစ် ရပ်တည်ခဲ့ကြရတယ်”ဟု စာရေးဆရာကြီးကြည်မင်းက ပြောပြသည်။

ထိုနည်းတူ ကာတွန်းနှစ်(၁၀၀)ပြည့်နှင့် ပတ်သက်၍ စာရေးဆရာ ဒေါက်တာ ခင်မောင်ညိုကလည်း “ကာတွန်းတစ်ကွက်ဆိုတာစာအုပ်တစ်အုပ်လို့မြင်ရပါတယ်။ကာတွန်းဆိုတာ စိတ်ထဲရင်ထဲမှာရှိတဲ့အတိုင်း ရေးတဲ့ဟာတွေပေါ့။ အဲဒါ သူတို့ကရေးရင်းနဲ့ တချို့ဟာတွေက ပြဿနာဖြစ်သွားတာတွေရှိလာတယ်။ ကာတွန်းတွေဟာ ကမ္ဘာမှာတော့ ခေတ်အဆက်ဆက် ဒီနေ့အထိအရေးအပါဆုံးအဖြစ် ရပ်တည်နေဆဲပဲဖြစ်ပါတယ်။ ကာတွန်းတစ်ကွက်ရဲ့ အရေးပါမှုက အရုပ်ပီပြင်မှ ကာတွန်းကောင်းဖြစ်ပါတယ်။ အတွေးကောင်းဖို့က ပထမ၊ အရုပ်ကောင်းဖို့က ဒုတိယ ပြီးမှ စာချောဖို့က တတိယလို့မြင်ပါတယ်”ဟု ပြောပြသည်။

ဆက်လက်၍ ဆရာကြီးမောင်မိုးသူ(ဘကြီးမိုး)နှင့် တွေ့ရာ ကာတွန်းနှင့်ပတ်သက်၍ ဘကြီးမိုးက “ကမ္ဘာမှာ အထူးခြားဆုံးပုဂ္ဂိုလ်တွေက ကာတွန်းဆွဲကြတယ်ဗျ။ ကာတွန်းဆရာတွေက မြန်မာပြည်ရဲ့သမိုင်း၊ မြန်မာပြည်ရဲ့ပုံရိပ်တွေကို လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ ဟိုအရင်ကတည်းက မျက်မှောက်ခေတ်အထိ တစ်နေ့တစ်နေ့ ကာတွန်းကိုပဲ ဖတ်နေမိပါတယ်။ ကာတွန်းတစ်ကွက်တည်း၊ တစ်ချက်တည်းပြောနိုင်တာ ထိရောက်ပါတယ်။ကာတွန်းစိတ်ရှိနေတဲ့သူဟာ အထူးသဖြင့် ကာတွန်းဆရာတိုင်းရဲ့ စိတ်အမြင် ခံစားမှုတွေဟာ စူးရှ၊ ထိမိ၊ ထိရောက်စေတယ်လို့မြင်ပါတယ်။ တွေ့လည်းတွေ့နေရပါတယ်။ ပိုပြီးသဘောကျပါတယ်။ ဒါပေမယ့် အခုစာပေစိစစ်ရေးမရှိဘဲ လုံးဝလွတ်လပ်ခွင့်ပေးလိုက်တော့ ကာတွန်းဆရာတွေအတွက် အခွင့်အရေး အများကြီးပိုင်ဆိုင်လာနေပြီပေါ့။ လက်ရည်တက်လာပြီး အတွေးအခေါ်တွေ လွတ်လပ်ပေါ့ပါးလာတော့ ပိုမိုကောင်းမွန်လာတယ်လို့မြင်ပါတယ်”ဟု ပြောပြသည်။

ထိုပွဲတွင် ခေတ်သစ်ကာတွန်း ဖန်ဆင်းရှင် ကာတွန်းဆရာ အော်ပီကျယ်နှင့်တွေ့ရာ ကာတွန်းနှစ်(၁၀၀)ပြည့်နှင့်ပတ်သက်၍ အမြင်ကိုမေးကြည့်ရာ ဆရာက “ကာတွန်းနှစ်(၁၀၀)ပြည့်ကို ကြုံဆုံဖို့ဆိုတာ တကယ်ကို ရှားရှားပါးပါးပါပဲ။ နှစ်(၁၀၀)ဖြစ်ဖို့ရာ တော်တော်ခက်တာပေါ့။ နိုင်ငံတစ်ခုမှာ စာပေသက်တမ်း၊ အနုပညာသက်တမ်း ရင့်ကျက်မှုတွေဆိုတာ နှစ်တွေကို အချိန်တွေကိုရင်းလိုက်မှရတာမဟုတ်။ မြန်မာနိုင်ငံ ကာတွန်းသက်တမ်းက နှစ်(၁၀၀)ပြည့်နေပေမယ့် တချို့နိုင်ငံတွေမှာဆိုရင် ကာတွန်းသက်တမ်းက နှစ် ၂၀၊ ၃၀ ပဲရှိပါသေးတယ်။ ယဉ်ကျေးမှုခိုင်မာခြင်း၊ အမွေအနှစ်ကြီးမားခြင်းတို့ရှိတဲ့အတွက် နှစ်(၁၀၀)ပွဲဟာ လေးနက်ထူးမြတ်ပါတယ်။ ကျွန်တော်တို့ခေတ်ကျပ်ကြီးထဲမှာ နှစ်ပေါင်းများစွာ နေလာရတော့ လေ့လာဖို့ တစ်ချိန်က စာအုပ်စာတမ်းမရှိဘူးဗျာ၊ ဒါပေမယ့် ကြိုးစားမှုပိုင်းမှာ အားကောင်းတော့ ပြန်တက်ဖို့ဦးတည်နေပါပြီ။ အခုခေတ် ကာတွန်းဆရာတွေရဲ့ လက်ရာကို ပိုကြိုက်ပါတယ်”ဟု ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ဝဿန်ခရီးသွားရုပ်ရှင်ပွဲတော် မန္တလေးမြို့ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံတွင်ပြသ

**မန္တလေး ဒီဇင်ဘာ ၃၁**

ဝဿန်ခရီးသွားရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၁)လမ်းနှင့် (၈၃)လမ်းထောင့်ရှိ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ Mega Ace Cineplex တွင် ကျင်းပခဲ့သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်သို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ရုပ်ရှင်ပညာဌာနပါမောက္ခနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေးမြို့ရှိ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရုပ်ရှင်ဝါသနာရှင်များ တက်ရောက်ကြသည်။ ဝဿန်ရုပ်ရှင်ပွဲတော်တွင် အပျော်တမ်းဒါရိုက်တာများက မြန်မာနိုင်ငံတစ်ဝန်းတွင် ရိုက်ကူးထားသော သဘာဝနှင့်ဖြစ်ရပ်မှန်ဇာတ်ကားများအားပြသပြီး ဇာတ်ကားများနှင့်ပတ်သက်၍ ရုပ်ရှင်ကြည့်ပရိသတ်များက သိရှိလိုသည်များကို မေးမြန်းရာ ဒါရိုက်တာများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဝဿန်ရုပ်ရှင်ပွဲတော်မစတင်မီ မွန်းလွဲ ၂ နာရီတွင် Black Magic Camera Road Show အစီအစဉ်များပြသရာ ဗီဒီယိုလုပ်ငန်းရှင်များ၊ ဗီဒီယိုရိုက်ကူးသူများ၊ စိတ်ဝင်စားသူများ လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဓာတ်ပုံပြပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင် ဓာတ်ပုံပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက အထကခွဲ(၄)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးက “ရည်မှန်းချက်ထားအမြဲကြိုးစား မိမိဘဝကိုမြှင့်တင်သွား”ခေါင်းစဉ်ဖြင့်ဟောပြောပြီး ပဲခူးမြို့စာရေးဆရာအသင်းမှ ဆရာနေနွယ်မောင်က “ယနေ့လူငယ် နောင်ဝယ်လူကြီး”ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် တက်ရောက်ကြပြီး ပြသထားသော ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# ရိုးကြီးချောင်း ဘုရင့်နောင်ပွဲရုံအဝင် မီးပွိုင့်လမ်းဆုံတွင် ပွဲရုံဝင်/ထွက်ယာဉ်မျိုးစုံ ပိတ်ဆို့နေ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

မီးပွိုင့်ယာဉ်ထိန်းရုံ အဆောက်အအုံများရှိသော ဘုရင့်နောင်လမ်းမကြီးနှင့် ဘုရင့်နောင်ပွဲရုံဝင်း ဝင်ပေါက်ဖြစ်သော ရိုးကြီးချောင်းပတ်လမ်းဆုံရာတွင် ဒီဇင်ဘာ ၂၉ ရက်က မီးပွိုင့်မီးမလာ၊ ယာဉ်ထိန်းရဲသာမက ပွဲရုံဝင်းယာဉ်ဝင်ခကောက်ခံသူနှင့် ပွဲရုံဝင်းအတွင်းမှ ပုဂ္ဂလိကယာဉ်ရှင်းဝန်ထမ်းများလုံးဝမရှိသည်ကို ယင်းနေ့ ညနေပိုင်းတွင် မြင်တွေ့ရသည်။

ပွဲရုံဝင်းဝင်/ ထွက်မည့် ယာဉ်မျိုးစုံများ ယင်းလမ်းဆုံ ဘုရင့်နောင်လမ်းမကြီး၏ မြို့ထဲသွားယာဉ်ကြောပေါ်တွင် ပိတ်ဆို့နေရာယူထားကြသည်။ သို့ဖြစ်ရာ မြို့ထဲသွားမည့် အင်းစိန်မှလာသော ယာဉ်တန်းများ စက်ရပ်စောင့်ဆိုင်းနေကြရသည်။

နေ့စဉ်လိုင်းကား၊ ကုန်ကားမျိုးစုံ အဆက်မပြတ်သွားလာနေရသော ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ယာဉ်ကြောပိတ်ဆို့သည့်ရက်များတွင် အချိန်ကြန့်ကြာမှုရှိပြီး တရွေ့ရွေ့နှင့် သွားလာရမှုရှိခဲ့သည်။ သို့သော် ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် ပွဲရုံဝင်း အဝင်/အထွက်နှင့် မြို့ထဲသွားယာဉ်မျိုးစုံ လေးငါးစီးခေါင်းချင်းဆိုင်ပြီး တစ်နာရီနီးပါး ထိပ်တိုက်တွေ့ဆုံနေသည်ကို မြင်တွေ့ရသည်။

ဘုရင့်နောင်ပွဲရုံဝင်း ဝင်ပေါက်လမ်းဆုံတွင် မီးပွိုင့်-ယာဉ်ထိန်းရုံးရှိသော်လည်း အသုံးပြုနိုင်မှုမရှိခြင်း၊ ပွဲရုံဝင်းအတွင်းမှ တာဝန်ရှိသူများက လာရောက်ထိန်းသိမ်းဆောင်ရွက်ပေးမှုအားနည်းခြင်းကြောင့် အများပြည်သူသွားလာရာ လမ်းမကြီးပေါ်တွင် လမ်းသွားလမ်းလာပြည်သူများ တစ်နာရီဝန်းကျင်ခန့် အချိန်ကြန့်ကြာမှုရှိခဲ့သည်။

ဘုရင့်နောင်လမ်းမကြီးအတိုင်း မြို့ထဲသို့သွားမည့် လိုင်းကားများအနေဖြင့် ဆေးဝါးလမ်းမှတစ်ဆင့် ဗဟိုလမ်းအတိုင်း လမ်းကြောင်းလွှဲမောင်းနှင်မှုရှိသည့် လမ်းလယ်တွင် လမ်းတားတုံးဝါများ စီတန်းချထားပြီး အများပြည်သူမှ Vilen ဖြင့် စည်းကမ်းပျက်မောင်းနှင်မှုများကို သက်ဆိုင်ရာသို့ သတင်းပေးပို့ရရှိလာသည့်အတွက် ယခင်ကဲ့သို့ လမ်းကြောင်းပြောင်းပြန် မောင်းနှင်မှုမရှိသည်ကို မြင်တွေ့ရသည်။

ဆေးဝါးလမ်းဆုံအလွန် ဘုရင့်နောင်လမ်းမကြီးအတွင်း ရောက်ရှိလာသော ယာဉ်တန်းများတွင် ၂၂၆၊ အဓိပလိ(အပြာ)၊ ၄၄၊ ကညနကြို/ပို့ ယာဉ်များပါဝင်ပိတ်မိနေသည်။ ညနေ လေးနာရီခွဲမှစ၍ စက်ရပ်ထားရာမှ ငါးနာရီခွဲခန့်တွင် ငါးမိနစ်ခန့် လမ်းဖွင့်သဖြင့် အဆိုပါလိုင်းကားပေါ်ရှိ ခရီးသည်များအနေဖြင့် မြို့ထဲသို့ဆက်ရန် လိုင်းကားစီးသွားလာနိုင်ခဲ့သည်။ ဘုရင့်နောင်ဈေးနှင့်ပွဲရုံဝင်းမမှ ညနေအလုပ်သိမ်းပြန်မည့် အလုပ်သမားအများအပြား ညနေ လေးနာရီမှ ညနေခြောက်နာရီထိ လိုင်းကားများ ဘုရင့်နောင်လမ်းမရှောင် လမ်းကြောင်းလွှဲမောင်းနှင်မှုကြောင့် အခက်အခဲများ ထပ်မံကြုံတွေ့ရသည်ဟု ပြောသည်။




ဒီဇင်ဘာ ၂၁ နှင့် ၂၂ ရက်တွင် နှစ်ရက်ဆက်တိုက်၊ ယခုဒီဇင်ဘာ ၂၈ နှင့် ၂၉ တို့တွင်လည်း နှစ်ရက်ဆက်တိုက် ဘုရင့်နောင်ပွဲရုံဝင်း ယာဉ်ပိတ်ဆို့မှုကြောင့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် အများပြည်သူသွားလာရာတွင် အချိန်အတန်ကြာ ကြန့်ကြာနေမှုများကို လိုအပ်သလို ပြုပြင်ပေးစေလိုသည်။ မီးပွိုင့်များကို ယခုတွေ့ကြုံနေရသော အသွားအလာများပြား၍ ယာဉ်ပိတ်ဆို့မှုဖြစ်တတ်သည့်နေရာမျိုးတွင် ဦးစားပေးအချိန်ပြည့် အသုံးပြုနိုင်ရန်နှင့် ယာဉ်ထိန်း၊ ယာဉ်ဝင်ခွင့် ကောက်ခံသူ၊ ပွဲရုံဝင်းတို့မှ တာဝန်ရှိသူများအနေဖြင့် လာရောက်ထိန်းသိမ်းစောင့်ရှောက်မှုရှိလာသင့်သည်ဟု ဝန်းကျင်တွင် အလုပ်လာရောက်လုပ်ကိုင်သူများက ပြောသည်။

**(မောင်စေအောင်)**

## ကြေးမုံရုပ်ရှင်အညွှန်း

# ချစ်လှစွာသောအမုန်းဇာတ်ကား ရုံတင်ပြသ




ဒီတစ်ပတ်ရဲ့ ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှာ ပြည်သူတွေ စိတ်ဝင်စားနေကြတဲ့ ချစ်လှစွာသောအမုန်း ဇာတ်ကားရဲ့ အမြည်းလေးကို မိတ်ဆက်တင်ပြပေးပါ့မယ်။

စိတ်ဝင်စားစရာကောင်းတဲ့ ချစ်လှစွာသောအမုန်း ဇာတ်ကားဟာ ပုညခင်ရဲ့ ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပုံဖော်ဖန်တီးသူအဖြစ် ဒါရိုက်တာဝိုင်းက ပုံဖော်ထားပြီးတော့ အဓိက ဇာတ်ဆောင်တွေကတော့ အောင်ရဲလင်း၊ သက်မွန်မြင့်နဲ့ ဝတ်မှုံရွှေရည်တို့ပဲဖြစ်ပါတယ်။

ထုတ်ကုန်သွင်းကုန် ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်ပြီး မုဆိုးဖိုတစ်ဦးလည်းဖြစ်သူ ဦးတိုးမင်းမှာ မိုးစက်မေဆိုတဲ့ အသက် ၂၅ နှစ်အရွယ် သမီးလေးတစ်ဦးရှိတယ်။ မိုးစက်မေ တစ်ဖက်သတ်ရင်ခုန်နေရသူကတော့ သူ့ရဲ့ငယ်သူငယ်ချင်း ဂါမဏီပါ။

တစ်ရက်မှာတော့ ဦးတိုးမင်း နယ်ကပြန်လာပြီး ‘အမုန်း’လို့ခေါ်တဲ့ အမျိုးသမီးငယ်လေးကို နောက်မိန်းမအဖြစ် မိသားစုအတွင်း ခေါ်ဆောင်လာခဲ့ပါတယ်။ ‘အမုန်း’ဟာ သမီးဖြစ်သူ မိုးစက်မေထက် အသက်လေးငါးနှစ်သာငယ်နေပြီး မိထွေးအားပညာပြရန် မိုးစက်မေနှင့် အဒေါ်ဖြစ်သူတို့ ကြံစည်ကြပါတယ်။ အဲဒီလိုပညာပြကြတဲ့အခါမှ အမုန်းဟာ လူ့လောကအကြောင်း ဘာမှနားမလည်တဲ့ မိန်းကလေးတစ်ဦးဖြစ်နေတာကို သိလိုက်ရတာမို့ တဖြည်းဖြည်း သံယောဇဉ်ဖြစ်လာခဲ့ပါတယ်။

အဲဒီနောက် နောက်ထပ်မိန်းမထပ်ရှုပ်သူ ဦးတိုးမင်းကိုလည်း သမီးဖြစ်သူက အမုန်းဘက်ကနေ ရပ်တည်ပေးခဲ့ပါတယ်။ အဲဒီလိုနဲ့ ဦးတိုးမင်းက ‘အမုန်း’ကို ဗန်ကောက်သွားမည်ဟုဆိုကာ ရန်ကုန်မြို့ရှိ တိုက်ခန်းတစ်ခန်းတွင် ထားရှိရင်း ‘အမုန်း’၊ မိုးစက်မေနှင့် ဂါမဏီတို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း၏ အဆုံးသတ်ကို ရင်သပ်ရှုမောဖွယ် ဆက်လက်ရှုစားကြရမှာဖြစ်ပါတယ်။

ဒီဇာတ်ကားကို သွင်၊ ရွှေ့ဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ (လှိုင်သာယာ)၊ မြို့မရုံနှင့် မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတို့တွင် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ပြသသွားမှာ ဖြစ်ပါတယ်။ သမ္မတရုံမှာတော့ ဇာတ်ကားဟောင်းဖြစ်တဲ့ ရည်းစားဦး ဇာတ်ကားကိုပဲ ဆက်လက်ရုံတင်ပြသမှာပါ။

ဒါ့အပြင် နိုင်ငံခြားကားသစ်တွေအနေနဲ့က Mojin: The Lost Legend (3D) ဇာတ်ကားနဲ့ Point Break (3D) ဇာတ်ကားတို့ကို ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

# Mojin: The Lost Legend (3D)




Mojin: The Lost Legend (3D) ဇာတ်ကားဟာဆိုရင် တရုတ်လူမျိုးဒါရိုက်တာ Wuershan ရဲ့ လက်ရာစွန့်စားမှုအသားပေးအက်ရှင်ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

ရှေးဟောင်းသင်္ချိုင်းဂူတွေကို ဖောက်ထွင်းရာမှာ နာမည်ကြီးနေတဲ့ HU Bayi နဲ့ WANG Kaixuan တို့ နှစ်ယောက်ဟာ ၁၉၈၈ ခုနှစ်ကာလမှာ နယူးယောက်မြို့ကြီးရဲ့လမ်းဘေးမှာ ရှေးဟောင်းပစ္စည်းတွေ ရောင်းဝယ်ဖောက်ကားတာကို လုပ်ကြပါတယ်။ တစ်ချိန်က တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေးကာလမှာ သူတို့နှစ်ယောက်ဟာ မွန်ဂိုလီးယားဒေသကို ပို့ဆောင်ခြင်းခံခဲ့ရပြီး သူတို့နှစ်ယောက်နဲ့အတူပါလာတဲ့ သူငယ်ချင်းဖြစ်သူနှစ်ယောက်သား ပြိုင်တူချစ်နေကြတဲ့ Ms DING ဟာ သေဆုံးခဲ့တာကြောင့်သွေးသောက်ညီအစ်ကိုဖွဲ့ပြီး လောကခံကို အတူရင်ဆိုင်ဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။ နယူးယောက်မြို့မှာ လူဝင်မှုဝင်ခွင့်ပြဿနာကြောင့် HU Bayi နဲ့ WANG Kaixuan တို့ကို တစ်ချိန်က သူတို့နဲ့အတူ ခရီးသွားလာဖူးတဲ့ Shirely Yang ဆိုသူက ကယ်တင်ခဲ့ပါတယ်။

အကြွေးတွေရှိနေတာကြောင့် WANG ဟာ မွန်ဂိုလီးယားကိုသွားပြီး လျှို့ဝှက်မိုင်းတွင်းတွေ တူးဖော်တဲ့ကုမ္ပဏီမှာ သွားရောက်လုပ်ကိုင်ပါတယ်။ ဒါကိုသိတဲ့ HU Bayi နဲ့ Yang တို့နှစ်ယောက်ဟာ WANG နောက်ကိုတရုတ်ပြည်ကနေတစ်ဆင့် ခြေရာခံပြီး လိုက်လံရှာဖွေခဲ့ကြတဲ့အခါ Wang ဟာ ရှေးဟောင်းဘာသာရေးဂိုဏ်းတစ်ခုက ဦးစီးလုပ်ကိုင်နေတဲ့ မိုင်းတွင်းတစ်ခုမှာ အလုပ်လုပ်နေတာကို တွေ့ရပါတယ်။ ဒါ့အပြင် သူဟာ အဲဒီဂိုဏ်းဝင်တွေနဲ့အတူ ရှေးဟောင်းဂူသင်္ချိုင်းတစ်ခုကို ဝင်ရောက်ရာမှာ လျှို့ဝှက်ထောင်ချောက်တွေ၊ အဆိပ်မြားတွေနဲ့ ကြုံတွေ့ရပြီး အဆိပ်မိသူတိုင်းဟာ ဖုတ်ကောင်တွေဖြစ်သွားကြပါတယ်။ WANG ရဲ့နောက်ကို လိုက်လာကြတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ WANG နဲ့အတူ ပိတ်မိနေတဲ့ လျှို့ဝှက်ဂိုဏ်းသားတွေကို ကယ်ထုတ်ဖို့ကြိုးစားရင်း HU Bayi ဟာ သူ့ရဲ့တရုတ်ရှေးဟောင်း ဖုန်းရွှေအတတ်ပညာနဲ့ ဂူသင်္ချိုင်းထွက်ပေါက်ကို ရှာဖွေဖို့ကြိုးစားရင်း ဂူထဲမှာ သေခြင်းနဲ့ ရှင်ခြင်း လောကနှစ်ခုကို စီရင်ပေးနိုင်တဲ့ ရှေးဟောင်းပညာရှင်ကြီးနဲ့ ဆုံခဲ့ကြပါတယ်။

အဲဒီမှာ HU Bayi နဲ့ WANG တို့နှစ်ယောက်ဟာ သူတို့ရဲ့ကွယ်လွန်ခဲ့ပြီးဖြစ်တဲ့ သူငယ်ချင်း Ms DING ကို အသက်ရှင်လျက် ပြန်တွေ့လိုက်တဲ့အခါ အတိတ်ကအဖြစ်အပျက်တွေကို ဘယ်လိုဆုံးဖြတ်ကျော်လွှန်ပြီး လွတ်မြောက်အောင် ကြိုးစားရမယ်ဆိုတာကို ရိုက်ကူးပုံဖော်ထားတဲ့ စွန့်စားမှုအသားပေးအက်ရှင်ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်ရဲ့ သရီးဒီဇာတ်ကားကောင်းတစ်ကားဖြစ်တဲ့ Point Break အမည်ရ စွန့်စားခန်းတွေပါဝင်တဲ့ အက်ရှင်ဇာတ်ကားဟာ ၁၉၉၁ ခုနှစ်က ၎င်းအမည်တူဇာတ်ကားကို ပြန်လည်ရိုက်ကူးထားတာဖြစ်ပြီးတော့ ဩစတြေးလျမင်းသား Luke Bracey နဲ့ မင်းသမီး Teresa Palmer တို့နဲ့အတူ ဗင်နီဇွဲလားနိုင်ငံသား မင်းသား Édgar Ramírez လည်း ပါဝင်ထားတာမို့ သူတို့ရဲ့သရုပ်ဆောင်ကွက်တွေက ပရိသတ်တွေကို အကြိုက်တွေ့စေမှာပါ။ ပြသချိန် ၁၁၃ မိနစ်ကြာတဲ့ ဒီဇာတ်ကားကို ဒီဇင်ဘာလအတွင်းက အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံတွေမှာ ဖြန့်ချိပြသခဲ့ပြီး ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၁ သန်းရရှိနေပြီလို့ သိရပါတယ်။

တခြားနိုင်ငံခြားကားတွေအနေနဲ့ကတော့ ပြသဆဲဇာတ်ကားတွေဖြစ်တဲ့ DILWALE၊ Star Wars: The Force Awakens နဲ့ Ghost Ship ဇာတ်ကားတွေကို ဆက်လက်ပြသသွားမှာဖြစ်ပါတယ်။

**ဖြိုးစန္ဒာမြင့်-စုစည်းသည်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁ - ၁ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၂း၅၀ လူမှန်နေရာမှန်” (အပိုင်း-၁)
၁း၁၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၃)
၁း၅၀ ၂၀၁၅ ခုနှစ်၏ သတင်းပုံရိပ် တစ်စိတ်တစ်ပိုင်း
၂း၂၀ ပြည်သူ့နီတိ “အမြင်”
၂း၁၅ မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့ (သပြေညို(မြန်မာ)နှင့် ဒူးလက်(ထိုင်း)]
၃း၃၅ မြန်မာ့ကျွန်းသစ်မူရင်းဒေသ ပဲခူးရိုးမ
၄း၃၅ Weekly Sports Info
၅း၃၅ Hyper Sport
၆း၃၅ The Farmer
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်စင်ခတဲ့နှလုံးသား” (အပိုင်း-၃၉)
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၃၅ ပြည့်ဝအားမာန်ဝင့်ချီဟန် မြို့ကြီးဘက်စုံရေလှောင်တမံ
၈း၄၅ ကိုယ်ထီးကိုယ်နန်း ကိုယ်ကြွင်ာန်း ဖြင့် ခမ်းနားထွန်းပေါ် မြန်မာနိုင်ငံတော်
၉း၀၀ ပြည်တွင်းသတင်း နိုင်ငံခြားဇာတ်လမ်းတွဲ “တောင်းတဲ့ဆု” (အပိုင်း-၅၉) -ချစ်သောဤကမ္ဘာမြေ Channel Zero (အပိုင်း-၈)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -အလက်ာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၂)
၆း၁၅ ပြည်သူ့နီတိ “သင်္ဂါရမြှားချက်”
၆း၄၀ တေးဂီတအစီအစဉ်
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ”(အပိုင်း-၃၁)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါကင်ချီ” (အပိုင်း-၇၀)
၈း၃၅ မှတ်မှတ်သားသားပုံပြင်များ “ကံဆိုသည်မှာအလုပ်” (ဝေယံမင်း၊ဘလိတ်၊ ဧငြိမ်းဖြူ) (ဒါရိုက်တာ-သီတာလင်း Laurel Art Academy)
၉း၀၅ တေးဂီတအစီအစဉ်
၉း၁၅ ပြည်သူ့နီတိ (တန်ဆေးလွန်ဘေး)
၉း၃၀ ASEAN China Cultural Show
10;00 မြန်မာ့ဗီဒီယိုဇာတ်လမ်း “ချစ်မိလို့” (နေတိုး၊ဝတ်မှုံရွှေရည်) (ဒါရိုက်တာ-သိန်းဟန် (ဖိုးနစ်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၀ မှတ်တမ်း
၆း၅၀ မြန်မာသံစဉ်ချိုနားဝင်
၇း၂၀ မြန်မာပြည်တွင် ထုတ်လုပ်သည်
၇း၃၀ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈း၅၀ မြဝတီနေ့စဉ်သတင်း
၉း၂၀ သူနှင့်သူ၏သီချင်းများ
၄း၀၆ တစ်ပတ်အတွင်း စီးပွားရေးသတင်း
၄း၁၅ မျိုးချစ်တပ်မတော်
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆း၃၀ “ရွာ”ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၃၃) ဒါရိုက်တာ မိုးဇော်ကို
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၁၄)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက်မြဝတီ တေးလက်ဆောင်

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၄၀ “နှစ်ဦးမေတ္တာလူတိုင်းမှာ တရားတော်”(ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၅၈)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈း၁၀ Cartoon Series (English Play ground)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားကမေတ္တာများ” (အပိုင်း-၈၁)
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၀း၄၅ အနုပညာမိုးကောင်းကင်
၁၁း၁၀ Food & D'ecor
၁၁း၃၅ MRTV-4 Stage
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တော်ဝင်သူရွှေမျက်နှာ” (အပိုင်း-၂၇)
၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ဝက်ပါစံအိမ်” (အပိုင်း-၂၈)
၆း၁၀ Health Fix
၅း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၅၉)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားက မေတ္တာများ” (အပိုင်း-၈၂)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တော်ဝင်သူရွှေမျက်နှာ” (အပိုင်း-၂၈)
၁၀း၁၀ MRTV-4 Stage
၁၀း၄၀ World of Knowledge (To Catch a Smuggler Courier to Kingpin)


# ၂၀၁၅ ဇာတ်သိမ်းနှင့် အားကစားလောက အမှတ်တရဖြစ်ရပ်များ

**၂၀၁၅ ခုနှစ်ကျော်လွန်ခဲ့ချိန်မှာ အားကစားလောကမှာလည်း မမေ့နိုင်စရာ အောင်မြင်မှုတွေ၊ ကျရှုံးမှုတွေ၊ မမျှော်လင့်ထားတဲ့ ဖြစ်ရပ်တွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ ၂၀၁၅ အားကစားလောကမှာ ဘာစီလိုအသင်းရဲ့ ထူးခြားတဲ့အောင်မြင်မှုတွေ၊ ဂျိုကိုဗစ်ချ်နဲ့ ဆရီနာဝီလျံတို့ရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်တွေက အများအတွက် အံ့ဩမှင်သက်စရာတွေဖြစ်ခဲ့တာ၊ တိုင်ဆန်ဖျူရီ ချန်ပီယံရှစ် သုံးထပ်ကွမ်းဆုရှင် အူစိန်ဘော့၊ ဖော်မြူလာဝမ်း နှစ်နှစ်ဆက် ချန်ပီယံ ဟာမီလ်တန်နဲ့ မယ်စကြဝဠာဆုစာရင်း မှားယွင်းကြေညာမှုတွေက ၂၀၁၅ ရဲ့ အလှူပ်ခတ်ဆုံးကိစ္စရပ်တွေပါ။ ဒါ့အပြင် ၂၀၁၅ က မြန်မာဘောလုံးလောကအတွက် ကြီးမားတဲ့အပြောင်းအလဲတစ်ခုဖြစ်ခဲ့တာကလည်း အမှတ်ရစရာပါ။ ဒီထဲကမှ အားကစားလောကရဲ့ မမေ့နိုင်စရာ ဖြစ်စဉ်တွေကို ထုတ်နုတ်တင်ပြလိုက်ရပါတယ်။**









### (၁) မြန်မာဘောလုံးလောကအတွက် အရေးပါတဲ့ ၂၀၁၅

၂၀၁၅ ခုနှစ်ဟာ မြန်မာဘောလုံးလောကအတွက် အရေးပါတဲ့နှစ်တစ်နှစ်လို့ဆိုရမှာပါ။ နယူးဇီလန်နိုင်ငံမှာကျင်းပတဲ့ ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားမှာ မြန်မာအသင်း ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သလို အိမ်ရှင်အဖြစ်ကျင်းပခွင့်ရတဲ့ အာရှယူ-၁၉ ပြိုင်ပွဲမှာလည်း အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၅ စင်ကာပူဆီးဂိမ်းမှာလည်း ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ကာ အသင်းခေါင်းဆောင် နေလင်းထွန်း၊ ဂိုးသမား ကျော်ဇင်ဖြိုးတို့ရဲ့ နာမည်တွေက ဆီးဂိမ်းပြိုင်ပွဲကာလတစ်လျှောက်မှာ အာဆီယံမီဒီယာတွေအကြား ရေပန်းအစားဆုံးဖြစ်ခဲ့တာကလည်း မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ခဲ့ပါတယ်။ မြန်မာဘောလုံးလောကရဲ့ တိုးတက်လာတဲ့ အလားအလာတွေကို သတိပြုမိလာတဲ့ အာဆီယံမီဒီယာတွေကတောင် အိပ်ပျော်နေတဲ့ကျား ပြန်လည်နိုးထလာခဲ့ပြီလို့ ရေးသားခဲ့တဲ့အထိ တောက်ပြောင်ခဲ့ပါတယ်။

### (၂) မယ်စကြဝဠာပြိုင်ပွဲ ဆုစာရင်းမှားယွင်းကြေညာမှု

၂၀၁၅ မယ်စကြဝဠာပြိုင်ပွဲ ဆုစာရင်းမှားယွင်းကြေညာမှုက ကမ္ဘာ့မီဒီယာစာမျက်နှာတွေအကြား နေရာယူမှုအများဆုံး ဖြစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဒီဇင်ဘာ ၂၀ ရက် အမေရိကန်ပြည်ထောင်စု လက်ဗီးဂတ်စ်မြို့မှာ ကျင်းပခဲ့တဲ့ (၆၄)ကြိမ်မြောက် မယ်စကြဝဠာပြိုင်ပွဲမှာ နိုင်ငံတကာမှ အလှမယ်(၈၀) ဝင်ရောက်ယှဉ်ပြိုင်တဲ့ပွဲမှာ အစီအစဉ်တင်ဆက်သူ စတိဗ်ဟာဗေးက ဆုရရှိသူအမည်စာရင်းကို မှားယွင်းကြေညာခဲ့တာပါ။ အမေရိကန် ဟာသသရုပ်ဆောင် စတိဗ်ဟာဗေးက ကိုလံဘီယာအလှမယ် ဂူတီယာရက်ဇ်ကို မယ်စကြဝဠာဆုရှင်အဖြစ် မှားယွင်းကြေညာခဲ့ကာ သရဖူကိုခေါင်းမှာ ဆင်မြန်းပေးခဲ့ပါတယ်။ နောက် သိပ်မကြာခင်မှာပဲ ဟာဗေးက ဆုတကယ်ရရှိသူက ဖိလစ်ပိုင်အလှမယ် ပီရာ အလိုဂျို ဝက်ဇ်ဘာ့ချ်ဖြစ်တယ်လို့ ပြန်ပြောင်းကြေညာခဲ့ပါတယ်။ ဒါကြောင့် ယခုနှစ် မယ်စကြဝဠာပြိုင်ပွဲမှာ ဟာဗေးက ဗီလိန်ဖြစ်ခဲ့သလို ဝက်ဇ်ဘာ့ချ်နဲ့ ဂူတီယာရက်ဇ်တို့ရဲ့ နာမည်က ကမ္ဘာ့တစ်လွှား ပရိသတ်တွေရဲ့အာရုံကို အပြည့်အဝ ဆွဲငင်နိုင်ခဲ့ပါတယ်။ အရင်ကဆို မယ်စကြဝဠာဆုရှင်တစ်ယောက်ရဲ့ နာမည်ကသာ ပြိုင်ပွဲတစ်ခုလုံးမှာ ပေါ်လွင်ထင်ရှားခဲ့ပေမယ့် ဒီနှစ်ပြိုင်ပွဲမှာတော့ ကိုလံဘီယာအလှမယ် ဂူတီယာရက်ဇ်ကလည်း မယ်စကြဝဠာဆုရှင် ပီယာအလိုဂျို ဝက်ဇ်ဘာ့ချ်နဲ့အပြိုင် အထင်ရှားဆုံး ဖြစ်နေခဲ့ပါတယ်။

### (၃) မေဝယ်သာနဲ့ ပက်ကွိုင်အိုတို့ရဲ့ အကောင်းဆုံးလက်ဝှေ့ပွဲ

ရာစုနှစ်အတွင်း အကောင်းဆုံးပွဲလို့တင်စားတဲ့ အမေရိကန် လက်ဝှေ့အကျော်အမော် ဖလွိုက်မေဝယ်သာနဲ့ ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွိုင်အိုတို့ရဲ့ လက်ဝှေ့ပြိုင်ပွဲကို မေ ၂ ရက်က လက်ဗီးဂတ်မြို့မှာ ကျင်းပပြီးစီးခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ မေဝယ်သာက ဒိုင်လူကြီး သုံးဦးစလုံးရဲ့ အနိုင်ပေးမှုနဲ့အတူ (၄၈)ပွဲ ရှုံးပွဲမရှိ စံချိန်တစ်ခုရရှိခဲ့တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ပက်ကွိုင်အိုက ၁၂ ချီပြည့်တဲ့အထိ သူတင်ကိုယ်တင်ယှဉ်ပြိုင်ထိုးနိုင်ခဲ့ပေမယ့် ဒိုင်လူကြီးတွေက ၁၁၆-၁၁၂၊ ၁၁၆-၁၁၂၊ ၁၁၈-၁၁၀ မှတ်နဲ့ မေဝယ်သာကို အနိုင်ပေးခဲ့တာကြောင့် ပရိသတ်ရဲ့ ဝေဖန်မှုတွေကျယ်ကျယ်လောင်လောင်ရရှိခဲ့တဲ့ ပွဲစဉ်တစ်ခုလည်းဖြစ်ခဲ့ပါတယ်။ ပွဲအပြီးမှာလက်ဝှေ့ကျော်နှစ်ဦး တစ်ဖက်နဲ့တစ်ဖက် စကားလုံးတွေနဲ့ စစ်ထိုးခဲ့သလို ဆုကြေးခွဲဝေမှုကလည်း ရလဒ်ကို ကြိုတင်ပုံဖော်ပေးနေသလိုပါပဲဆိုပြီး ဝေဖန်ခဲ့ကြတာပါ။ မေဝယ်သာက ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ဆုကြေး ၆၀ ရာခိုင်နှုန်းကို ရရှိမှာဖြစ်ပြီး ပက်ကွိုင်အိုက ၄၀ ရာခိုင်နှုန်းသာ ခံစားခွင့်ရရှိမှာဖြစ်တယ်လို့ ပွဲကြိုသဘောတူညီခဲ့တာ ဖြစ်ပါတယ်။

### (၄) ဂျိုကိုဗစ်ချ်နဲ့ ဆရီနာဝီလျံတို့ရဲ့နှစ် ၂၀၁၅

၂၀၁၅ ခုနှစ်က ဂျိုကိုဗစ်ချ်နဲ့ ဆရီနာ ဝီလျံတို့အတွက် ချိုမြိန်တဲ့နှစ်တစ်နှစ် ဖြစ်ခဲ့တာသေချာပါတယ်။ ဂျိုကိုဗစ်ချ်က ဂရင်းစလင်းဖလား သုံးလုံးကို သိမ်းပိုက်နိုင်ခဲ့သလို ATP Tours Final ပွဲစဉ်မှာလည်း ဗိုလ်စွဲနိုင်ခဲ့ပါတယ်။ ဆရီနာကတော့ ယူအက်စ်အိုးပင်းကလွဲလို့ ကျန်တဲ့ပွဲစဉ်တွေမှာ ချန်ပီယံဆုကို ရယူနိုင်ခဲ့ပါတယ်။ သူတို့နှစ်ဦးလုံးဟာ ATP က ချီးမြှင့်တဲ့ နှစ်တစ်နှစ်ရဲ့ အကောင်းဆုံးကစားသမားတွေအဖြစ် ရွေးချယ်ခံခဲ့ရသလို တင်းနစ်လောကမှာ မှတ်တိုင်တွေ အသီးသီးစိုက်ထူနိုင်ခဲ့တာလည်း ဂုဏ်ယူစရာပါ။

### (၅) ဖလားငါးလုံးရှင် ဘာစီလိုနာ

ဘာစီလိုနာက ၂၀၁၅ အတွင်းမှာ ကိုပါဒယ်ရေးဖလား၊ လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလား၊ ယူအီးအက်ဖ်အေ စူပါဖလားအပြင် ကမ္ဘာ့ကလပ်ချန်ပီယံဆုဖလားများကိုပါ ဆွတ်ခူးခဲ့ပါတယ်။ ကမ္ဘာ့ကလပ် ချန်ပီယံပြိုင်ပွဲမှာ ဘာစီလိုနာက ရေးဗားပလိတ်ကို သုံးဂိုးပြတ်နဲ့ အနိုင်ယူပြီး ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာကြောင့် ကမ္ဘာ့ကလပ် ချန်ပီယံဆုသမိုင်းမှာ သုံးကြိမ်တိုင် ဗိုလ်စွဲနိုင်တဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ အရင်က ဘာစီလိုနာဟာ ကိုရင်သီယန်နဲ့အတူ နှစ်ကြိမ်တိုင် ဗိုလ်စွဲနိုင်ခဲ့တဲ့အသင်းဖြစ်ခဲ့ပေမယ့် ဒီနှစ်မှာ ထပ်ပြီးအောင်ပွဲခံနိုင်တာက ကမ္ဘာ့ကလပ် ချန်ပီယံဆုသမိုင်းမှာ မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့တာပါ။

### (၆) စပယ်ရှယ်ဝမ်း မော်ရင်ဟိုရဲ့ ကျရှုံးခန်း

သူ့ကိုယ်သူ စပယ်ရှယ်ဝမ်းလို့ တင်စားတတ်တဲ့ မော်ရင်ဟိုတစ်ယောက် ချယ်လ်ဆီးကို တစ်ကျော့ပြန် ကိုင်တွယ်ရာမှာ မထင်မှတ်လောက်အောင် ရလဒ်တွေ ဆိုးရွားခဲ့တာကြောင့် ချယ်လ်ဆီးကနေ ထုတ်ပယ်ခံခဲ့ရပါပြီ။ ပရီမီယာလိဂ် ပွဲစဉ်(၁၆)ပွဲ ကိုင်တွယ်အပြီး ကိုးပွဲအထိ ရှုံးနိမ့်ခဲ့တာကြောင့် ချယ်လ်ဆီးဘုတ်အဖွဲ့ဝင်တွေက သူ့ကို ထုတ်ပယ်ဖို့ ဆုံးဖြတ်လိုက်ရတာပါ။ ဒါပေမယ့် မော်ရင်ဟိုကို ထုတ်ပယ်ပြီး ကစားခဲ့တဲ့ ဆန်းဒါးလန်းနဲ့ ပွဲစဉ်မှာ သုံးဂိုး-တစ်ဂိုးနဲ့ သက်သောင့်သက်သာပဲ ပြန်လည်အနိုင်ယူနိုင်ခဲ့တာကြောင့် ပရိသတ်တွေက မော်ရင်ဟို ထုတ်ပယ်ခံရအောင် ကစားခဲ့တယ်လို့ သူတို့ယူဆထားတဲ့ ဖာဘရီဂတ်စ်နဲ့ ကော်စတာတို့ရဲ့ နာမည်ကိုအော်ကာ မကျေနပ်မှုကို ပြသခဲ့ပါတယ်။ သေချာတာတစ်ခုကတော့ မော်ရင်ဟိုရဲ့ စီမံခန့်ခွဲမှုမှာ ပြဿနာအချို့ရှိနေပြီး ဒါကိုကုစားဖို့ တစ်ခုတည်းသောနည်းလမ်းက နည်းပြအပြောင်းအလဲပြုလုပ်ရေးသာဖြစ်တဲ့အတွက် အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က ဆန္ဒမရှိဘဲ ထုတ်ပယ်ခဲ့ရတာပါ။

**မေလှဲ့သင်း**

**မော်တော်ယာဉ်တင်သွင်းမည့်သူများနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်လျက် ဝင်ငွေခွန် ပေးဆောင်ပြီးကြောင်း အထောက်အထားထုတ်ပေးမည့် အစီအစဉ်ဆိုင်ရာ အသိပေးကြေညာချက်**

* ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)သို့ လျှောက်ထားရာတွင် အောက်ဖော်ပြပါ မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ် တင်သွင်းခြင်းများအတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးမည့် ဝင်ငွေခွန် ပေးဆောင်ပြီးကြောင်း အထောက်အထားပူးတွဲ တင်ပြရန် လိုအပ်ပါသည်။

- ❍ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားသောလူပုဂ္ဂိုလ်တစ်ဦးချင်းမှ တင်သွင်းခြင်း။
- ❍ ပို့ကုန်/သွင်းကုန်ကုမ္ပဏီများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကုမ္ပဏီများမှ တင်သွင်းခြင်း။
- ❍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ပြည်ထောင်စုနယ်မြေကောင်စီ၏ ထောက်ခံချက်ဖြင့် တက္ကစီယာဉ်တင်သွင်းခြင်း။
- ❍ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်ရောင်းချသည့်လုပ်ငန်း အတွက် တင်သွင်းခြင်း။
- ❍ ပုဂ္ဂိုလ်တစ်ဦးချင်းမှ မော်တော်ဆိုင်ကယ် တင်သွင်းခြင်း။

* အထက်ဖော်ပြပါ မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ် တင်သွင်းခြင်း ဆောင်ရွက်မည့်သူများ အတွက်ဝင်ငွေခွန် ပေးဆောင်ပြီးကြောင်း အထောက်အထား ထုတ်ပေးခြင်းကို အောက်ဖော်ပြပါ ရုံးနေရာတစ်ခုတည်းတွင် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး
ပြည်တွင်းအခွန်များဦးစီးဌာန
ညောင်ပင်ကြီးစုရပ်ကွက်၊ ပခ/၂၇
ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

* မော်တော်ယာဉ် တင်သွင်းရန် လျှောက်ထားမည့်သူကိုယ်တိုင် သို့မဟုတ် လျှောက်ထားမည့်သူမှ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူသည် ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထား ရယူနိုင်ရေးအတွက် အောက်ပါစာရွက်စာတမ်းအထောက်အထားများကို တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

- ❍ တင်သွင်းမည့်မော်တော်ယာဉ်၏Invoice မူရင်း/မိတ္တူ
- ❍ နိုင်ငံခြားငွေ ဘဏ်စာအုပ် မူရင်း/မိတ္တူ
- ❍ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ
- ❍ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ
- ❍ ဝင်ငွေရလမ်း တင်ပြမည့် အထောက်အထား(ရှိလျှင်)
- ❍ ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ(SP)နှင့် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ

* မော်တော်ယာဉ် တင်သွင်းခြင်းအတွက် အသုံးပြုမည့် နိုင်ငံခြားငွေတန်ဖိုးနှင့် ပေးဆောင်ရမည့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် (၁-၄-၂၀၁၆ ရက်နေ့မှစတင်၍ ပေးဆောင်ရမည့်အခွန်အမျိုးအစား) တို့အတွက် စုစုပေါင်းငွေပမာဏအပေါ် ဝင်ငွေရလမ်းစိစစ်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဝင်ငွေရလမ်းစိစစ်ချက်အရ အသုံးပြုမည့်ဝင်ငွေအပေါ် လုံလောက်သော ဝင်ငွေရလမ်းတင်ပြနိုင်ပါက ဝင်ငွေခွန် ထပ်မံထမ်းဆောင်စေခြင်းမပြုဘဲ ဝင်ငွေခွန် ထမ်းဆောင်ပြီးကြောင်း အထောက်အထားထုတ်ပေးမည်ဖြစ်ပါသည်။

* ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအဖြစ် သတ်မှတ်၍ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်ပေးဆောင်စေပြီးမှ ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထား ထုတ်ပေးမည်ဖြစ်ပါသည်။

* အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာ ကြီးကြပ်ရေးဌာနခွဲ၊ ၀၆၇-၄၃၀၀၀၉
ညွှန်ကြားရေးမှူး၊ မူဝါဒနှင့်သုတေသနဌာနခွဲ၊ ၀၆၇-၄၃၀၀၀၄

**ပြည်တွင်းအခွန်များဦးစီးဌာန**

# နှစ်သစ်ကူးဆုမွန်လွှာ

၂၀၁၆–ခုနှစ် နှစ်သစ်ကူးအချိန်အခါသမယတွင်

မိဘပြည်သူအပေါင်း

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာကြပါစေကြောင်း

KBZ BANK / KBZ GROUP မှ

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

AIR KBZ
IKBZ Insurance
KBZ BANK
Brighter Future Myanmar
Kempinski Hotel Nay Pyi Taw MYANMAR
MAI

KBZ GROUP OF COMPANIES

၁၉၈၀မှစ၍ဆရာ/မ၊ အရာရှိဖြစ် သူများ ရေးဖြေ သင်တန်းစာ ဆုံမည့်မဟုတ်
ဆုံကြည့်မှာတဲ့ပါ
ငွေကုန်လူပန်းမဖြစ်စေရ
ပါမောက္ခ(ငြိမ်း) ဝါရင့်
ဆရာ၊ ဆရာမကြီး များသင်သည်
ဝါရင့်ဆရာကြီး
SH မြင့်သူထက် YU
နယ်စပ်ရေးရာ
(အဝေးသင်တန်းစာရေး)
B.Ed JO,LO
တရားရေး – ၄ ဥပဒေ – ၄
ပစ်မှတ်ထိသော စာအုပ်များရမယ်
(တန်းခွဲတစ်ခု ၃၀ – ဦးသာ) နည်းပြ/သရုပ်ပြ
မြန်မာစာ (လုံးဝကျက်စရာမလို) အင်္ဂလိပ် (အဓိက Essay (၅) ပုဒ်)
ဗဟုသုတ (ပြည်တွင်း/ပ ၅ ပုဒ်စီ) ဥပဒေ ( အဓိက (၁၃) ပုဒ်)
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း၊ (လှည်းတန်းဈေးနောက်လမ်း) ၊ ရန်ကုန်။
ဖုန်း – ၀၉၇၃၀၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅

GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
* ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် (တနင်္လာနေ့)"လွတ်လပ်ရေးနေ့"သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်**

ကား မျိုးစုံ
(Alphard/Crown/MarkII/အနီတစ်ဝါ/Hiace ၉/၁၃ယောက်စီး၂၄/၂၆/၃၃/၇၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ရွှေထူးလွင် ကျိုက်ထီးရိုး၊ချောင်းသာ၊စားတည်းငြိမ်း –၂၅၀၀၀/–
ကလေး၊ တမူး၊ မိုးလေး ၊ရိုးရိုးရက်မှ ဟားခါး (၉) ရက်
(ပုဂံ၊ပုပ္ပါး)(ရွှေယင်တော်လေးဆူ(၄)ရက်ခရီး)၊ တောင်ကြီး၊အင်းလေး၊ပင်းတယ(၄)ရက်၊(လျှိုင်ကော်(၅)ရက်) (မန္တလေး၊ ကျောက်စိမ်းဘုရား၊ပြင်ဦးလွင်မုံရွာ(၅)ရက်)၊ မိုးကုတ်ပါ(၇)ရက်အားလုံးပါ (၁၀၁၂)ရက်) (ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ)(ထားဝယ်ရှင် ကိုးရှင်မောင်းမကန်မြေ့ရစ်မြိတ်) (ကန်ချနာပူရီ)(လားရှိုးမူဆယ်ရွှေလီ)၊ (ကျိုက်ထီးရိုး ကျိုက္ကမီ၊ ဇက်ဆုံမဲလုံဆံတော်ရှင်) (ပြည်အကောက်တောင်)(နဂါးရစ်တောင်)ဇလွန်ငွေဆောင်း (ကားစီးလုံးငှားသည်) အိမ်အရောက်ပို့ /ကြို
အမှတ်(၄၄၄/၁)၊မြေညီထပ်၊ရွှေဘုံသာလမ်း။ Ph:09 450044494,09450044496, 377921

EXCELLENT အနုပညာသင်တန်း
အပတ်စဉ် (၄၇)အတွက်ဝင်ခွင့်လျှောက်ထားနိုင်
ဒါရိုက်တာ၊ ဇာတ်ညွှန်း
ဧ.၁.၂၀၁၆ ဖွင့်မည်၊ မော်ဒယ်သရုပ်ဆောင်
လူဦးရေကန့်သတ်ထားပါသည်၊
095121467,09788845507,0931452059
၆၀/အင်းစိန်လမ်းမ၊လှည်းတန်းစံရိပ်ငြိမ်၊ကမာရွတ်၊ရန်ကုန်မြို့

ကျော် ကျန်းမာရေးကြီးကြပ်(၂)၊ ကျူတာနှင့် CPA, PSC
LO4, တရားရေးဝန်ထမ်း၊ ဒုရဲအုပ်၊ ၈၈၈၈ ရာထူးများဝင်ခွင့်
တန်းခွဲသစ်များဖွင့်ပြီ။ ဆက်သွယ်လေ့လာလိုက်ပါ
[illegible]
Ph: 0942104233 2, 0942000513 1

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁)အနော်မာ၊ မြေကွက်အမှတ် ၂၆၇/က၊ မြေကွက်တည်နေရာအမှတ်-၂၆၇/က၊ အနော်မာ(၆)လမ်း၊ ၁ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဒေါ်သန်း(CI-၀၀၃၄၄၉) ၂။ ဦးငြိမ်း(CI-၀၀၃၄၅၁) ၃။ ဦးသိန်း(CE-၁၀၆၈၀၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးငြိမ်း(ဖခင်)၊ ဒေါ်လှညွန့်(မိခင်)၊ ဒေါ်သန်း(အဒေါ်/အပျိုကြီး)၊ ဦးသိန်း(ဦးလေး/လူပျိုကြီး)ဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး/တူမ တော်စပ်သူ ဒေါ်တင်မြ [၁၂/ပဇတ(နိုင်)၀၁၀၃၆၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၁၂/၂၀၁၅)ရသူ ဦးဇင်မိုးဟိန်း(TME-၀၃၇၉၂၂)မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ရှေးအခါက ဥယျာဉ်တော် စိုက်ပျိုးစေရာ၌ အစောင့်၊ အမှုထမ်းများလည်း ခန့်ထားသည်။ မန္တလေးမြို့ ရပ်ကွက်များတွင် ဒေါနခြံ၊ နှင်းဆီခြံ၊ မာလကာခြံ ရပ်ကွက်များက သက်သေခံလျက်ရှိသည်။ ဒေါနခြံတွင် နှစ်စဉ်တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ ဆောင်းရာသီတွင် ဒေါနပန်းပင်များ စိုက်ပျိုး၍ ဥယျာဉ်တော်အုပ်က ဆက်ရသည်။ ဒေါနပန်း စိုက်သူ ၁၇ ယောက်တို့အား တစ်လစပါးတင်း ၁၉၀ ပေးရသည်။ ထိုဥယျာဉ်ခြံများမှရသော ပန်းများနှင့် အခြားမြို့ရွာများမှပို့သော ပန်းများကို နန်းတော်အတွင်း ပန်းခုံတော်အုတ်တိုက်သို့ ပို့ရသည်။ ပန်းခုံတော် အုတ်တိုက်က တစ်ဆင့် မင်း၊ မိဖုရား၊ သားသမီးများကို ခွဲဝေပေးသည်။

**ရတနာနဒီ ကမ်းဥယျာဉ်ခြံ**

၁၂၂၄ ခုနှစ်တွင် ရတနာနဒီမြစ် တူးဖော်ပြီးစီး၍ မန္တလေးမြို့အနီး ထိုမြစ်ကမ်းတစ်လျှောက်တွင် မှူးတော်မတ်တော်တို့အား ဥယျာဉ်ခြံများကို စိုက်ပျိုးစေခဲ့၏။ ဦးကောင်းက သူ့ခြံအတွက် အုန်းပင်များစိုက်ရန် အုန်းမျိုးကောင်းရရေးအတွက် မြောက်ထားဝယ်ဗိုလ်မောင်ပိန်ဆိုသူထံ တောင်းခံကြောင်း မှတ်တမ်းတွေ့ရ၏၊ ထို့ကြောင့် မန္တလေးနန်းရှေ့ နဒီချောင်းတစ်လျှောက် ဥယျာဉ်ဖြစ်ထွန်းသည့် ရေခံမြေခံကောင်းများ ရှိတုန်းဖြစ်၏ ။

**အနှိပ်တော်ရပ်**

နန်းတော်ရှေ့ ၁၉လမ်း(ရန်ကင်းတောင်-ပုသိမ်ကြီးလမ်း)လမ်းမကြီး၏ တောင်ဘက်ခြမ်း ရပ်ကွက်ကြီးဖြစ်သည်။ မြန်မာဘုရင်လက်ထက်က အနှိပ်သည်များ ချထားပေးရာ ရပ်ကွက်ဖြစ်သည်။ ဧကရာဇ်မင်းမြတ်က အခါအခွင့်အားလျော်စွာ စေပါးတော်မူသောအခါ ထမ်းရွက်ရန် စောင့်စားမျှော်ခေါ်ခြင်းဖြင့် ဇေတဝန်ဆောင်တော်သို့ဝင်၍ အလှည့်ကျ အိပ်ဖန်ထမ်းရွက်ရသည့် ဆရာလူ၊ ဆရာငွေး၊ ဆရာနားပန်းဆံစသော ယောကျ်ားအနှိပ်တော် ၁၀ဦး၊ အရှင်နန်းမတော်ဘုရားမှ စ၍ မင်းမိဖုရားများက စေပါးတော်မူသည့်အခါ ထမ်းရွက်ရန် ဒေါ်ညာစသော မိန်းမအနှိပ်တော်(၇)တို့ကို အမိန့်တော်နှင့် ခန့်ယူသည်ဖြစ်၍ မန္တလေးရတနာပုံ ဒုတိယနန်းစံ မင်းတရားလက်ထက်တော်၌ ယင်းသည် အနှိပ်တော် ၁၇ ဦးတို့မှာ တစ်လလျှင် လစာငွေတော် (၄၆၀) သနားတော်မြတ်ခံရသည်ဟု ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်တွင် ဖော်ပြထားသည်။

ထို့ပြင် အနောက်စမုခ်လက်စွဲ (၁၁)တို့မှာလည်း တစ်လလျှင် လစာတော်ငွေ (၂၇၀)သနားတော်မြတ်ခံရသည်။ လက်စွဲကလေး(၃၄)တို့မှာ တစ်လ လစာငွေ (၇၀၀) သနားတော်မြတ်ခံရသည်။ လက်စွဲကြီး(၂၁)တို့မှာလည်း တစ်လလျှင် လစာတော်ငွေ(၁၁၁၀)သနားတော်မြတ်ခံရသည်။ ယင်းသည် သမားတော် ၁၀တို့မှာ တစ်လလျှင် လစာတော် ငွေ (၅၃၀)သနားတော်မြတ်ခံရသည်။ မန္တလေးရတနာပုံခေတ်၌ ဘုရင့်သမားတော်အနှိပ်တော်တို့မှာ မျက်နှာပွင့်လန်းကြသူများဖြစ်၏။ မြန်မာ့ဆေးပညာကျမ်းတွင်လည်း မြန်မာ့လက်နှိပ်လက်စွဲကျမ်း ထင်ရှားသည်။ မြန်မာ့အနှိပ်ပညာသည် အလွန်ခက်ခဲနက်နဲသောပညာရပ်ဖြစ်၍ ခန္ဓာဗေဒအကြောပြင် ကျွမ်းကျင်ကြသော ပညာသည်များသာလျှင် ဖြစ်ကြသည်။ ထို့ကြောင့် အနှိပ်ပညာသည်တို့ကို ရွှေနန်းတော်က နေရာပေးသူကောင်းပြုထားခြင်းဖြစ်သည်။

မြန်မာမင်းလက်ထက် သူကောင်းပြုခံရသူ အရာထမ်း၊ အမှုထမ်းတို့၏ လစာတော်ငွေများမှာ ယခုခေတ်အခါမျိုးနှင့် နှိုင်းစာလျှင် အလွန်နည်းပါးလိမ့်မည်ဟု ဆိုကြပေလိမ့်မည်။ သို့ရာတွင် ထိုခေတ်ထိုအခါက အစားအစာ၊ အဝတ်အထည်မှစ၍ အဖိုးနှုန်းထားသက်သာခြင်း၊ ဧကရာဇ်မင်းမြတ်ကလည်း အဝတ်၊ ပုဆိုး၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်တို့ဖြင့် သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် သနားတော်မူခြင်း၊ သဒ္ဓါတော်မူသည့်အခါ အခွင့်အလိုက် စိန်၊ ပတ္တမြား၊ ရွှေ ထည်၊ငွေထည်များကို ရက်ရောစွာ သနားတော်မူသည့်အခါ၌လည်း သနားတော်မြတ်ခံရခြင်းရှိသည်။ ကုသိုလ်ကံ အခွင့်အရေးပေးလျှင်လည်း ဥစ္စာစီးပွားဖြစ်ထွန်းခြင်းရှိသဖြင့် တစ်လလျှင် လစာတော်ငွေ ၅၀မျှ သနားတော်မြတ်ခံ ရသည့် အခွန်စာရေးအလုပ်နှင့်ပင် ငွေတစ်သိန်း၊ နှစ်သိန်း စုမိကြသည်။ ဘုရင်မင်းမြတ်မှာ တစ်နှစ်လျှင် ကုသိုလ်ပြုအပါအဝင် အသုံးတော်ငွေ လေးသန်းနှစ်သိန်း နှစ်သောင်းသုံးထောင်ကျော်ရှိကြောင်း မှတ်တမ်းများကဖော်ပြသည်။ နန်းတော်ရှေ့ ဘုန်းတော်တိုးရပ်ကွက် မင်းတုန်းမင်းလက်ထက်က သေနတ်စက်ရုံအတွက် ယမ်းများပြုလုပ်ကြရသူ များကို ရပ်ကွက်အတန်းလိုက် နေရာချထားပေးခဲ့ကြောင်း တွေ့ရ၏။ အဆိုပါ ယမ်းပြုလုပ်ကြရသူများ နေထိုင်ရာအရပ်ကို ယမ်းရုံ(ယမ်းလုပ်ရာအလုပ်ရုံ) ယမ်းရုံတန်းရပ်ဟူ၍ ယနေ့တိုင် လူကြီးသူမများ သိရှိကြသည်။ အချို့ အဆက်အနွယ် ကျန်ရစ်ကြသည်။ မြန်မာမင်းလက်နက်စက်ရုံသို့ ယမ်းများချက်လုပ်ပေးသွင်းကြရရာတွင် ရွှေနန်းတော် အတွင်းထိ ဆက်သကြရသည်။ နန်းတော်သို့သွင်းရာ၌ ယမ်းချက်လုပ်သူ အစုအရပ်သည် ယခုအကွက်နံပါတ် (၄၁)တွင် တည်ရှိခဲ့သည်။ ဘုန်းတော်တိုးရပ်ကွက်၌ ကွက်သစ်ရပ်ကွက်မှာ နောက်တိုးရပ်ကွက်များသာ ဖြစ်သည်။ အကွက်နံပါတ် (၄၃) ဖြစ်သည်။

သို့ဖြစ်၍ မြန်မာမင်း(မင်းတုန်းမင်း)လက်ထက်၌ စက်မှုနိုင်ငံထူထောင်ရန် အမြော်အမြင်ကြီးမားသော ဘုရင်နှင့်တကွ အိမ်ရှေ့စံ ကနောင်မင်း၊ မြန်မာပညာရှိယောအတွင်းဝန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်တို့ ဦးဆောင်၍ စက်ရုံပေါင်း (၅၀)ကျော် တည်ထောင်ခဲ့ရာ၌ နိုင်ငံတော်ကာကွယ်ရေး၊ ခေတ်မီနိုင်ငံထူထောင်ရေးအတွက် အရေးကြီးသော လက်နက်စက်ရုံထူထောင်ခဲ့သည်မှာ ဤသို့သော မင်းနေပြည်သူ၊ ပြည်သားတို့၏ လုပ်အားစွမ်းအားများကိုလည်းရယူသည့် သာဓက အထောက်အထားများ ဖြစ်သည်။ မြန်မာနည်း၊ မြန်မာဟန်ဖြင့် ယမ်းချက်ခြင်း၊ မဲနယ်ချက်လုပ်ခြင်း အတတ်ပညာတို့လည်း ရတနာပုံခေတ်၌ အစဉ်ထွန်းကားခဲ့သည်ကို ဤရပ်ကွက်များက ပြောပြနေကြသည်။ ဘုန်းတော်တိုးရပ်ကွက်၌ မဲနယ်တန်းရပ်ရှိခဲ့သည်မှာပင် ယခုဆွေစဉ်မျိုးဆက် ပျောက်ကွယ်သလောက်ရှိသလို ယမ်းချက်လုပ်သည့် အဆက်အနွယ် အတတ်ပညာသည်များလည်း တိမ်ကောသွားသည်ကို တွေ့ရပြီး လူကြီးသူမများ၏ အမှတ်တရ ပြောကြားချက်များကိုသာလျှင် နားထောင်မှတ်သားရတော့သည်။ မည်သို့ပင်ဖြစ်စေ ရတနာပုံခေတ်၌ ခေတ်မီစက်မှု နိုင်ငံတော်တည်ထောင်ရန် ကနောင်မင်းသားကြီးတို့ ဦးဆောင်ကြိုးပမ်းမှုသမိုင်းတွင် ရပ်ကွက်နေပြည်သူများပါဝင် ထမ်းဆောင်ခဲ့သည့် အထောက် အထားဖြစ်သည်။

**လွန်းတစ်ရာ ရက်ကန်းသည်များ**

နန်းတော်ရှေ့တွင် အစုအမှုထမ်းရပ်ကွက်အတန်းများ ရပ်ကွက်လိုက်ရှိခဲ့ရာ၌ လုပ်ငန်းအရ ထင်ရှားသောအတန်းများ ရှားပါးလှသည်။ ၁၉ လမ်းဘေး ဒေါနဘွားရပ် စစ်ကိုင်းတန်းမှာမူ လူသိများသောရပ်ကွက်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မြန်မာ့လွန်းရာကျော်အချိတ်လုံချည်ရက်ကန်းရက်လုပ်ကြသော ပညာသည်များ နေထိုင်လုပ်ကိုင်လျက်ရှိသောကြောင့် ဖြစ်၏။ မန္တလေးမြို့ လွန်းရာကျော်ရက်ကန်းကို လေ့လာလိုကြလျှင် မန္တလေးနန်းတော်ရှေ့ စစ်ကိုင်းတန်းသို့ လိုက်ပို့ပြသကြရသည်။ မန္တလေးမြို့၏ အနုပညာရပ်ကွက်တစ်ခုအဖြစ် မြန်မာ့ဂုဏ်ဆောင်လျက်ရှိသည်။ လွန်းရာကျော် ရက်ကန်းပညာရှင်များသည် ခေတ်အဆက်ဆက်က ရက်ကန်းပညာ ထိန်းသိမ်း လာခဲ့ကြသည်။

နန်းတော်ရှေ့ ၁၉လမ်းဘေးရှိ မြန်မာ့လွန်းရာကျော် အချိတ်ထည် ရက်ကန်းလုပ်ငန်းများသည် မန္တလေးမြို့သို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များ၊ လေ့လာလိုသူများအတွက် ချိတ်လုံချည် ကြည့်ရှုလေ့လာစရာ လုပ်ငန်းခွင်များဖြစ်သည်။ ရက်ကန်းပညာသည်များသည် သားစဉ်မြေးဆက် ရပ်တည်ချက်ရှိနေကြ၏။ ရွှေပြည်ကျော်လွန်းတစ်ရာ ရက်ကန်းစင်များနှင့် စိန်တံဆိပ်လွန်းတစ်ရာ ရက်ကန်းစင်၊ အောင်တံခွန်လွန်းရာကျော် ရက်ကန်းစင်များတွင် ကမ္ဘာ့လှည့်ခရီးသည်များ မပြတ်တွေ့ရှိရသည်။

ဦးမောင်ကို၊ ဒေါ်ကြင်မေတို့ မိသားစုသည် လွန်းရာကျော်ရက်ကန်းပညာရှင်အမေစု၏ ပညာအမွေ အနှစ်ကို ထိန်းသိမ်းလုပ်ကိုင်လာခဲ့ကြသူများ ဖြစ်သည်။ လွန်းရာကျော်ရက်ကန်းသည်များ တိုးပွားလာလေ မြန်မာမှု အမွေထိန်းသိမ်းသူများ တိုးပွားလာလေဖြစ်သည်။ လွန်းရာကျော် ချိတ်လုံချည်များသည် ယနေ့တိုင် မြန်မာ့ဂုဏ်ဆောင်အထည် များဖြစ်ကြ၏။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဂျေ၊ မြေကွက်အမှတ်-၁၁၂/၁. ကa နှင့် ၁၁၂/၁က၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးအေးကို၊ ဒေါ်မိမိလေး အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဒေါ်စောယုနွယ်(ခ)ဒေါ်စောယုယုကျော် ၁၂/ဗဟန(နိုင်)၀၀၀၄၇၀၊ ဒေါ်မေသက်ကျော် (ခ)ဒေါ်မြတ်စန္ဒီကျော် ၁၂/ဗဟန(နိုင်)၀၀၂၄၄၂တို့က အမည်ပေါက်တစ်ဦးဖြစ်သော ဒေါ်မိမိလေး ကွယ်လွန်၍ ဦးအေးကိုမှ ယင်းမြေများအား အမွေဆက်ခံခဲ့သည့် ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (၁၀၉၀/၂၀၀၆)၊ ဦးအေးကိုမှ ၎င်းတို့အား မြေကွက်အမှတ်-၁၁၂/၁ကaနှင့် မြေကွက် အမှတ်-၁၁၂/၁က မှ တောင်ဘက်ခြမ်း မခွဲမစိတ်ရသေးသော (၀. ၃၃၄)ဧကခန့် အစိတ်အပိုင်း တို့ကို မေတ္တာဖြင့် အပိုင်ပေးသည့် အပိုင်ပေးစာချုပ် (၂၀၃၉/၂၀၀၆)နှင့် ယင်းအပိုင်ပေးစာချုပ်ကို အတည်ပြုသော တရားရုံးအထောက်အထားဖြစ်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ၂၀၁၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်- ၁နှင့် ၂ ၏ ၂၃-၆-၂၀၁၄ ရက်စွဲပါ စီရင်ချက်၊ ဒီကရီ၊ ဖော်ပြပါ မြေကွက်များ၏ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မိတ္တူမှန်တို့တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံမြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

HND
umg college
edexcel Approved Centre
တက္ကသိုလ်ဝင်တန်း IGCSE O-Level အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ် ပထမ နှစ်ကျောင်းသားများသည်
Foundation Course မှ စတင်တက်ရောက်နိုင်ပြီး AGTI, B.Tech နှင့် အခြားဘွဲ့ရများသည် ပထမနှစ်မှ စတင်တက်ရောက်နိုင်ပါသည်။
ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့် ဝါရင့် ဆရာကြီးများ သင်ကြားသော
UMG COLLEGE မှ ဖွင့်လှစ်မည့် HND (UK) သင်တန်းများ
နိုင်ငံခြား ဘွဲ့ရဆရာကြီးများ ကိုယ်တိုင် သင်ကြားပြီး HND ပြီးဆုံးလျှင်
လုပ်ငန်းခွင် လက်တွေ့ internship training ပြုလုပ်ပေးပါသည်။
- Business Management
- Information Technology
- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering
UK, Australia, Singapore
www.facebook.com/umgcollege
website www.umgcollege.com



UMG College
Ph : 09 254 739 566, 09 421 085 929, 09 8631823, 01 215678~9, 01-2301580~1 (Ext 216, 219)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၉-သုဝဏ္ဏ(ရွှေဝါဆန်)၊မြေကွက်အမှတ်(၁၇၁)၊ မြေကွက်တည်နေရာအမှတ်(၁၇၁)၊ရွှေဝါလမ်း၊ ၂၉-ရပ်ကွက်၊သုဝဏ္ဏ၊သင်္ဃန်းကျွန်း၊ဒေါ်ခတီ (ခ)ဒေါ်တီ(CI-၀၂၄၁၇၄)အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဒေါ်ခတီ(ခ)ဒေါ်တီထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့်(၃)ဆက်မြောက်ဝယ်ယူထားသူဒေါ်ခင်ဆွေဦး(၁၂/မဂတ(နိုင်)၀၃၀၃၅၈)မှပါမစ်မူရင်းတင်ပြ၍ဂရန်သစ်လျှောက်ထားလာရာတင်ပြပါမစ်ပြည့်စုံမှုမရှိသဖြင့်ဂရန်သစ်လျှောက်ထားမှုအပေါ်တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ၇၊ မြေကွက်အမှတ်-V၂၉၆၊ မြေကွက်တည်နေရာအမှတ်-၂၃၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ (ဦးအေးထွန်း) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးအေးထွန်း[၁၂/တမန(နိုင်)၀၈၆၉၁၁] ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပေးပြီးဖြစ်၍ အမှုတွဲအမှတ်-TM-59/28(19-7-28) ဖြင့် မူလထုတ်ပေးထားသည့် ဦးအေးထွန်း အမည် ပေါက် နှစ်(၉၀)မြေငှားစာချုပ် (ဂရန်) မူရင်း စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင်
သင်တန်းများ ဖွင့်လှစ်ထားပါသည်။
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING EMERALD V.34A သင်္ဘောသည် ၂-၁-၂၀၁၆ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

EAGLE GUEST HOUSE
ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့
သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊
မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၃၄၆၇၃
၀၉ ၃၂၂၂၁၆၆၇
၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်

# အင်းဝဒေသသို့ခရီးသွားများလာရောက်၍မြင်းလှည်းမောင်းသူများအဆင်ပြေ



**တံတားဦး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ အင်းဝမြို့ဟောင်းအား ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားလာ၍ အဆိုပါဒေသရှိ မြင်းလှည်းမောင်းသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများရှိသော ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာရှိသော ဘုရားခုနစ်ဆူ၊ ကြေးခေါင်းလောင်းစာရှိသော ဘုရားသုံးဆူနှင့် ရှေးဟောင်းအဆောက်အအုံစုစုပေါင်း ၆၂၄ ခုရှိကြောင်း မှတ်တမ်းများအရ သိရသည်။

"ကျွန်တော်တို့ဒေသက မြင်းလှည်းမောင်းသူတွေ နိုင်ငံခြားသားအဝင်များလို့ အဆင်ပြေတယ်။ သူတို့က ဒီဒေသရောက်ရင် မြင်းလှည်းစီးတာများတယ်။ မြင်းလှည်းတစ်စီးကို နိုင်ငံခြားခရီးသွား ဧည့်သည်နှစ်ဦး သားနှစ်ဦးနဲ့ လှည်းတစ်စီးကိုကျပ်၁၀၀၀၀နဲ့ ပို့ဆောင်ပေးပါတယ်။

"အိုးတုတ္တန်းဆိပ်ကမ်းကနေ မယ်နုအုတ်ကျောင်း၊ နန်းမြို့ရိုး၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်းစတဲ့ နေရာတွေကို ပို့ဆောင်ပေးရပါတယ်။ ဒီမှာက မြင်းလှည်းအစီးရေများတော့ အလှည့်ကျစနစ်နဲ့ ပို့ဆောင်ပေးတယ်။ အခုရက်ပိုင်း ဧည့်သည်တွေများတော့တစ်နေ့တစ်ခေါက်၊ အလှည့်နီးရင် နှစ်ခေါက်ပို့ဆောင် ပေးရပါတယ်" ဟု မြင်းလှည်းမောင်းသူတစ်ဦး ကပြောပြသည်။

မန္တလေးတိုင်းဒေသကြီးတံတားဦးမြို့နယ်ရှိ အင်းဝမြို့ဟောင်းသည် တံတားဦးမြို့မြောက်ဘက် ၂ မိုင် ၄ ဖာလုံ၊ မန္တလေးမြို့၏ တောင်ဘက် မိုင် ၂၀ ခန့်အကွာတွင် တည်ရှိပြီး ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်) ဆုံရာတွင်တည်ရှိသည်။

အင်းဝမြို့ကို သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျား (အေဒီ ၁၃၆၄-၁၃၆၈) က စတင်တည်ထောင်ခဲ့ပြီး ကုန်းဘောင်ဆက်ဘကြီးတော်(အေဒီ ၁၈၁၉-၁၈၃၇) အထိ ထီးနန်းစိုက်ခဲ့သဖြင့် နှစ်ပေါင်း ၄၀၀ ကြာ တည်ရှိခဲ့ပြီး ခေတ်ကာလ ၄၀ ခုပိုင်းခြားကာ မင်းဆက် ၃၁ ဆက် ထီးနန်းစိုးစံခဲ့သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# မင်းဘူးမြို့ နဂါးပွက်တောင် (ရွှံ့မီးတောင်)ပုံမှန်အခြေအနေတွင်တည်ရှိ



**မင်းဘူး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အမှတ်(၁)ရပ်ကွက်တွင်တည်ရှိသော နဂါးပွက်တောင် (ရွှံ့မီးတောင်) သည် ဂျာနယ်အချို့တွင် ဖော်ပြရေးသားထားသည့် ရွှံ့မီးတောင်တစ်ခု ထပ်မံထွက်ပေါ်ခြင်းမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ဆက်လက်တည်ရှိလျက်ရှိသည်။

နဂါးပွက်တောင်သာယာလှပရေးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးကျော်ခိုင်လင်းက တောင်မကြီးအပါအဝင် ရွှံ့မီးတောင်ငယ်စုစုပေါင်း ၁၆ ခုမှာ ယခင်ကာလများကပင် ပေါ်ထွက်လျက်ရှိပြီး ယခုထပ်မံထွက်ပေါ်ခြင်းမရှိကြောင်းကို ပြောကြားခဲ့သည်။

အဆိုပါနဂါးပွက်တောင်ပရဝုဏ်အတွင်း ရွှံ့စေးချော်ရည်များ စိမ့်ထွက်သည့် တွင်းငယ်အချို့ ရံဖန်ရံခါတွေ့ရှိရပြီး တစ်လအတွင်း ပြန်လည်ပိတ်ဆို့သွားတတ်ကြောင်း၊ ထူးခြားသည့်ရွှံ့မီးတောင် ထပ်မံထွက်ပေါ်ခြင်းမှာ မဟုတ်မမှန်ပါကြောင်း ၎င်းကဆက်လက်ပြောသည်။

ယင်းမင်းဘူးမြို့ရှိ နဂါးပွက်တောင်သို့ မြန်မာနိုင်ငံအတွင်း ဘုရားဖူးလာပြည်သူများ၊ စိတ်ပါဝင်စားသူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်၍ ကြည့်ရှုလေ့လာနေလျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

# ကျွန်းစုမြို့နယ်၊ဇာထိုး၊ပန်းထိုး၊ သိုးမွေးထိုးသင်တန်းဖွင့်

**မြိတ် ဒီဇင်ဘာ ၃၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ကတ္တလူကျေးရွာ ရတနာမာန် အောင်ကျောင်းတိုက် အာဟာရသုခဝိဟာရဆောင်၌ ကျေးလက်နေ အမျိုးသမီးလေးများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာ ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မြိတ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်း၊ ကျွန်းစုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်း၊ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ကတ္တလူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်သန့်၊ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြဆရာမနှစ်ဦး၊ သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စုအတွင်းရှိ ကတ္တလူကျေးရွာ၊ ထိန်းချောင်းကျေးရွာ၊ လိပ်ကြယ်ကျေးရွာတို့မှ အမျိုးသမီးသင်တန်းသူ ၄၅ ဦးတို့အား သင်တန်းနည်းပြဆရာမနှစ်ဦးတို့က ဒီဇင်ဘာ ၂၉ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ အထောက်အကူပြုပစ္စည်းများဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။

**မြင့်ဦး (မြိတ်)**

F.A.M.E

F.A.M.E မှ IQN - UK Diploma ကျောင်းသားအများဆုံးမွေးထုတ်ပေးထားသောRegistered Training Center

အ ချိန် တိုအ တွင်း Intenrational Marketing Diploma ကိုရယူလိုသူများအတွက် IQN -UK မှ တိုက်ရိုက်ပေးအပ်သည်. — Diploma in Marketing ( IQN - UK)

လုပ်ငန်းအပိုင်းတွင် Strategy ချ မှတ် လိုသူ များ Business Development အပိုင်းကို စိတ်ဝင်စားသူများအတွက် IQN - UK မှ တိုက်ရိုက်ပေးအပ်သည်. — Diploma in Strategic Management ( IQN - UK )

International Finance Specialist လက်မှတ်ကိုရယူလိုသူတိုင်းအတွက် — Certified Finance Specialist( IQN - UK )

F.A.M.E နှင့် Cedar Academy Singapore မှ ပေးအပ်သည်. — Professional Certificate in Business Management

IQN International Qualifications Network
Registered Training Centre

Center ( 1 ) အမှတ် ၁၂၄ ၊ ၁၀-ဘီ ၊ ၂၁ လမ်း ၊ လသာမြို့နယ် ၊
Center ( 2 ) အမှတ် ၄၆ ၊ သစ်တောလမ်း ၊ အလုံမြို့နယ်
09-253868172, 09-30360680, 09-73081131

ရွှေပလ္လင်
မြန်မာပလာဇာ
NOW OPEN!
Ph: 01-538-736

Learners' CHOICE
စာအမေးပွဲလမ်းညွှန်
၂၀၁၆ တက္ကသိုလ်ဝင်တန်း
ကြိုတင်လေ့ကျင့်ပြင်ဆင်နိုင်ရန် အချိန်ကိုက်၊ အမှတ်ကိုက်၊ စံကိုက်အဖြေ
ဘာသာစုံမေးခွန်း(၅)စုံနှင့် စံပြအဖြေများ
ထွက်ပြီ
ဖြန့်ချိရေး - ခေတ်သစ်စာပေ
အမှတ်-၂၃၅၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၅၄၃၉၈၊ ၃၈၃၇၅၅၊ ၃၈၄၆၅၇၊ ၃၇၁၉၀၅
အမြို့မြို့အနယ်နယ်တွင် ဝယ်ယူရရှိနိုင်ပါပြီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လူနေရပ်ကွက်အမှတ်-သုဝဏ္ဏလူသုံးကုန်စက်ရုံအနီး၊ မြေကွက်အမှတ်(၉၇/က)၊ အကျယ်အဝန်း(၄၁'×၆၇')အကျယ်ရှိ ဒေါ်သန်းသန်းလှအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စိန်ပန်းပြာလမ်း၊ အမှတ်(၉၇/က)ဟုခေါ်တွင်သည့် RC (၃)ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုကိုလတ်(၁၃/တကန(နိုင်)၀၆၆၃၂၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မေရည်စိုးဦး
LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၁၂)

ဒေါ်မေချောစိုးဦး
LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၅၇)

ဒေါ်မေဖွန့်စိုးဦး
LL.B,D.B.L,D.I.R
အထက်တန်းရှေ့နေ(စဉ်-၃၆၁၆၅)

စာချုပ်စာတမ်းနှင့် အိမ်ခြံမြေ ဥပဒေအကြံပေးရှေ့နေများ
ခြံအမှတ်(၅၀၅/၆ခ)၊ ပြည်ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်
ဖုန်း - ၀၉-၅၀၅၇၇၁၄၊ ၀၉-၂၆၂၅၄၅၄၄၅၊ ၀၉-၅၁၄၁၀၅၃

## ‘နှစ်သစ်မင်္ဂလာဆုတောင်းလွှာ’

1.1.2016 ရက်နေ့မှစ၍ မြန်မာပြည်သူပြည်သားအပေါင်းတို့ ပျော်ရွှင်ချမ်းမြေ့ဖွယ် ကောင်းသော နှစ်သစ်ကူးအခါသမယတွင် ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ စီးပွားဥစ္စာများ တိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**“စိန်ပင်လယ်” စိန်ရွှေရတနာဆိုင် မိသားစု**

အထူးအစီအစဉ်ဖြင့် **“စိန်ပင်လယ်”** မှ စိန်ထည်လက်ဝတ်ရတနာနှင့် ပလက်တီနမ် **(750)** ဒီဇိုင်းအသစ်ဆန်းပေါင်းမြောက်များစွာကို (၅% မှ ၂၀%)ထိ အထူးလျှော့ဈေးဖြင့် (၁.၁.၂၀၁၆ မှ ၃၀.၁.၂၀၁၆) ထိ ရောင်းချပေးနေပါသည်။

1. Junction Square Centre, မြေညီထပ်၊ (ကမာရွတ်)။
2. AKK Shopping Centre, ပထမထပ်၊ လေးထောင့်ကန်လမ်းမကြီး (သယ်န်းကျွန်း)




### ကျေးဇူးအထူးတင်ရှိခြင်း

ကျွန်တော် ညဏ်မင်းထွဋ် နှင့် ကျွန်မ NOOTCHANUN တို့၏ ၂၈-၁၂-၂၀၁၅ ရက်တွင် မင်းကွန်းတိပိဋကနိကာယ ရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲသို့ စေတနာ၊ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ခဲ့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ညဏ်မင်းထွဋ်- **NOOTCHANUN**

**Mr & Mrs. JAINGCOM**

ထွန်းနိုင်-ထွေးထွေးကြည်

### ငှားမည်

၁။ စိန်နှင်းဆီလမ်း၊ (၃)ထပ်၊ ရွှေပင်လုံ၊ အပိုင်း(၃)၊ မြောက်ဒဂုံ၊ ပေ(၈၀×၈၀)မြေပေါ်ရှိ ပေ(၅၀×၆၀) တိုက်သစ်။
၂။ ရန်ကင်း၊ ဖုန်း(၂)လုံးပါ၊ ဝါဝါဝင်းတိုက်၊ မြေညီထပ်၊ ပေ(၂၅×၄၀)၊ Aircon (၄)လုံး၊ ဈေး/ကျောင်းနီး၊ အဆင့်မြင့်ပြင်ဆင်ပြီး။

**Ph:09-8568887, 01-573490**

### မြန်မာပြည်တွင်ပထမဦးဆုံး

တစ်ဦးတည်း **Organic** လက်မှတ်ရ
သဘာဝပေါ်ဆန်းမွှေးစစ်စစ်နှင့် ပဲဆီသန့် ဖြန့်ဖြူးရေး

ကျန်းမာပျော်ရွှင် အသက်ရှည်ဖို့
ဘေးထွက်ဆိုးကျိုးအလွန်နည်းသည့်
“သဘာဝအမှတ်တံဆိပ်”
“အော်ဂဲနစ်” ပေါ်ဆန်းမွှေးစားကြပါစို့

ဖုန်း-၀၁-၂၂၁၈၃၄၊၀၉-၅၁၅၀၅၂၅၊၀၉-၇၈၅၁၅၀၅၂၅




### မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့လယ်၊ အချက်အချာ နေရာကောင်းရောင်းရန်ရှိသည်

- နောင်အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရန် အထူးသင့်တော်သည်။
- မင်းဓမ္မစီးပွားရေးစီမံကိန်းနှင့် မိနစ်(၂၀)ခန့်ဝေးသည်။
  ဈေးနှုန်းအလွန်သင့်တော်သော တွဲလျက်မြေ(၆)ကွက်ရောင်းမည်။
- (၁)ကွက်-၁၀၅၀သိန်း(ခွဲမရောင်းပါ)

ဖုန်း-၀၉-၇၉၅၆၂၂၈၈၆၊ ၀၉-၇၈၅၂၂၂၅၃၅

Glory Heyday Services Co., Ltd ၏ ID No.700460(1.4.13) Licence No.ILV12-131749(25-10-12)အတွက် ဓာတ်ပုံမှတ်တမ်းနှင့် Statement များသည် ၄-၁၁-၂၀၁၅ ရက်တွင် ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Prime Moving Forward Auto Services Co., Ltd.,**

အမှတ်(၇၄)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ယန္တရား စက်ကြီးများရောင်းချရန်အတွက် ကိုယ်တိုင်ကားမောင်းနိုင် သည့် Sales Executive နှင့် Spare Parts Sales Executive အရောင်းဝန်ထမ်းများ အလိုရှိပါသည်။ ယင်းလုပ်ငန်းနှင့်စပ်ဆိုင်သည့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃ နှစ်နှင့်အထက်ရှိရမည်။ စီမံခန့်ခွဲမှု၊ လူထုဆက်ဆံရေး၊ အင်ဂျင်နီယာ ဘွဲ့ရရှိသူများကိုဦးစားပေးမည်။
အသေးစိတ်သိရှိနိုင်ရန် ph 09 977936551 သို့ရုံးချိန်အတွင်း ဆက်သွယ်ပါ။
e-mail ပေးပို့လိုပါက winthein610@gmail.com သို့ပေးပို့နိုင်ပါသည်။




စိတ်သွားတိုင်းကိုယ်ပါပြီး
ဖြစ်ချင်တာတွေလုပ်နိုင်ဖို့
Ensure 400g
1500 Ks OFF
15.1.2016 to 14.2.2016
Ensure
Life
အသက် (၅၀) ကျော်လာတဲ့အခါ...
ထမင်းစားတာတစ်ခုတည်းနဲ့ အာဟာရမလုံလောက်တော့ပါဘူး။ Calcium နဲ့ Vitamin D အပါအဝင် ဗီတာမင် နှင့် သတ္တုဓာတ် (၂၈)မျိုး၊ အသားဓာတ်များနှင့် အမျှင်ဓာတ် (Pre-biotics)တွေ ပါဝင်တဲ့ Ensure all-in-one Nutrition က နေ့စဉ်လိုအပ်တဲ့ ခွန်အားတွေကို ပြည့်ဝစေနိုင်ပါတယ်။
ခွန်အားပြည့်ဝစေဖို့ သိပ္ပံနည်းကျ အတည်ပြုထားသော Ensure
Available in Vanilla, Strawberry and Chocolate flavours.
Ensure Life နှင့်ခွန်အားပြည့်ဝစွာနေထိုင်ပါ
PAHTAMA GROUP
Abbott Nutrition Careline
01-8551428
09 260 35 62 62
Abbott


NEW YEAR 2016 SAMSUNG DAY
နှစ်သစ်မှာ Samsung smart phones နှင့် Tablets
တွေဝယ်ယူပြီးလက်ဆောင်တွေ ရယူကြရအောင်.....
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက် 5,000 mAh Power Bank, OTG Adapter, 8GB Memory Stick,Mini Bluetooth Speaker, T-Shirt, Silicon Cover နှင့် Wrist Band များ
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက် 32GB microSD Card, T-Shirt, 500 mAh Pwer Bank, Silicon Cover နှင့် Wrist Band များ
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက် 16GB microSD Card, T-Shirt, Silicon Cover နှင့် Wrist Band များ
ဇန်နဝါရီလ (၁)ရက် နေ့မှ
ဇန်နဝါရီလ (၃)ရက်နေ့အထိသာ
လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်။
www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)
SAMSUNG


"အမေ" စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်
MOTHER INDUSTRIAL CO., LTD.
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဦးစွာပထမ တည်ထောင်သော
ပေါ့ပါးခိုင်ခံ့သည့် ကွန်ကရစ်ဘလောက်နှင့် ဖိအားမြင့်ခံ ကွန်ကရစ်အုတ်စက်ရုံ၊ ရန်ကုန်
(တည်းကုန်း၊ ဖော့ကန်)
18 in 1
600 mm x 200 mm x 200 mm
ရိုးရိုးအုတ်နီခဲ (၁၈) လုံးနှင့် ညီမျှပါသည်။
ဖိအားမြင့်ခံကွန်ကရစ်အုတ်
AUTOCLAVED PRESSED CONCRETE BRICK (APC)
230 mm x 110 mm x 70 mm
(9 in x 4.5 in x2.75 in)
ပေါ့ပါးခိုင်ခံ့သည့် ကွန်ကရစ်ဘလောက်
AUTOCLAVED AERATED CONCRETE BLOCK (AAC)
600 mm x 200 mm x 100 mm
(23.62 in x 7.87 in x 3.93 in)
600 mm x 200 mm x 200 mm
(23.62 in x 7.87 in x 7.87 in)
ENVIRONMENTAL FRIENDLY
LONG LIFE
FIRE RESISTANCE
ACOUSTIC
THERMAL INSULATION
RAPID ON-SITE ESSEMBLY
NON-TOXIC
ပုလဲလမ်း၊ MEC ကားယာစက်ရုံရှေ့၊ ဖော့ကန်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph : 09-970618300, 09-970618700
E-mail : miplant2n3@gmail.com


M.K.T Construction Co., Ltd
HAPPY
New Year 2016
နှစ်သစ်ကူးအခါသမယတွင်
မြန်မာပြည်သူ ပြည်သားများအားလုံး ကျန်းမာချမ်းသာပျော်ရွှင်ပြီး
ဇာကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။
ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၃၈၂၄၂၃၊ ၀၁-၃၉၈၁၉၁၊ ၀၁-၂၄၅၇၈၆
၀၉- ၇၃၀၇၂၂၅၀၊ ၀၉-၅၁၇၈၄၇၈၊ ၀၉-၅၁၂၄၉၀၀၊ Email: marketing@mktconstruction.com. Website: www.mktconstruction.com


myanmar
national airlines
မြန်မာအမျိုးသားလေကြောင်းလိုင်း၏ရန်ကုန်–စင်ကာပူနှင့်စင်ကာပူ–ရန်ကုန်
ခရီးစဉ်များကို ဇန်နဝါရီလ (၁)ရက်နေ့ ၂၀၁၆ မှစတင်၍
ပြောင်းလဲပါမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
အောက်ဖော်ပြပါအချိန်များအတိုင်း ဖြစ်ပါသည်။
Flight No. Dep. Arr.
UB-001 Yangon (07:15) Singapore (11:45)
UB-002 Singapore (13:00) Yangon (14:30)
For more information, please contact your travel agent or
MNA Reservation at below contact.
www.flymna.com
Email : reservations@flymna.com
Tel : +95 1 378603, +95 1 377840

## MYANMAR YELLOW PAGES®

မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန်မှ နှစ်သစ်မင်္ဂလာသတင်း

Myanmar Yellow Pages လမ်းညွှန်စာအုပ်တွင် နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ်အားပေး၍ ကြော်ငြာများထည့်သွင်းပေးခဲ့ကြပါသော စီးပွားရေးလုပ်ငန်းရှင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ နှစ်သစ်မှာ စီးပွားရေးလုပ်ငန်းရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်းနှင့် စီးပွားရေးလုပ်ငန်းများလည်း အထူးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

F&B MYANMAR® | yellow pages® | MYANMAR FOOD & TRAVEL

**IMEX (Myanmar) Co., Ltd.**
(Original founder of Myanmar Yellow Pages)
365-367, 2nd Flr., Bogyoke Aung San Rd., Pabedan Tsp., Yangon, Myanmar.
Tel : (01) 242758, 243074, (09) 732 35650 Email : myanmaryellowpages@gmail.com, info@imexmyanmar.com
Website : www.myanmaryellowpages.biz, www.imexmyanmar.com

## နှစ်သစ်အရောင်းမြှင့်တင်ခြင်းအစီအစဉ်

SUZUKI Way of Life!

(၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂၉ရက်နေ့အထိသာ)


The Brand New **ERTIGA** for Myanmar



ဈေးနှုန်း (US$ 17,900 -)
ကျပ် ၁၉၉သိန်း + +

(First Come, First Serve Condition)

- ၁.၄လီတာအင်ဂျင် အော်တိုဂီယာလေးချက်
- Petrol 14.92*1 km/l
- ခုံသုံးတန်းပါရှိသော ခုနစ်ယောက်စီးကား



- အာမခံ ၃နှစ်/ကီလိုမီတာ ၁သိန်း*2

NEW SUPER CARRY TRUCK



ဈေးနှုန်း (US$ 5,777 -)
ကျပ် ၆၉သိန်း + +

တရားဝင်အရောင်းကိုယ်စားလှယ်များ

ရန်ကုန်
ရိုနဒီ မော်တော် | အောင် မော်တော်
မျိုး မော်တော် | လွင်နှင့်စွမ်း မော်တော်

မန္တလေး
အောအိုင်ရို မော်တော်

ဆူဇူကီ(မြန်မာ)မော်တော်မှ လေးစားရပါသောဝယ်ယူအားပေးသူများအတွက် အစဉ်ထောက်ပံ့ပေးနေသည်မှာ . . .

စိတ်ချမ်းမြေ့မှုရရှိခြင်း | ယုံကြည်စိတ်ချရသောထုတ်ကုန်

facebook/Suzuki Myanmar Motor Co., Ltd.

# ငွေသန်းကျော် စိန်ရွှေရတနာဆိုင်

## နှစ်သစ်မင်္ဂလာဆုတောင်း

(၂၀၁၆) ခုနှစ်၊ နှစ်သစ်အချိန်အခါတွင် မိဘပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ စီးပွားဉစ္စာများ ဒီရေအလားတိုးတက်ကြီးပွားကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးငွေအေး+ဒေါ်မြမြသန်း၊ သား-ဒေါက်တာ ကျော်မိုးဗိုလ်+မမေသက်ကျော်

ဆိုင်(၁) - အမှတ် (C-6, 7, 8)၊ ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ Ph: 01-200747 ext (2855), 095020086
ဆိုင်(၂) - အမှတ် (43, 44, 45)၊ ဝင်ပေါက်(၂)၊ မြေညီထပ်၊ သယ်န်းကျွန်းဈေးကြီး၊ သယ်န်းကျွန်းမြို့နယ်။ Ph:0973054065, 095130213



## " နှစ်သစ်မင်္ဂလာဆုတောင်းလွှာ "

ခေတ်သစ်မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်အညီ ရင်ဘောင်တန်း ချီတက်နေကြသော မြန်မာနိုင်ငံသူ၊နိုင်ငံသားများအားလုံး ယခုမင်္ဂလာရှိသော နှစ်သစ်နေ့ရက် အစမှသည် စိတ်သစ် လူသစ် ခွန်အားသစ်များဖြင့် မိမိတို့၏ရည်မှန်းချက်များကို တက်ညီလက်ညီ အကောင်အထည်ဖော်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ... ... ...

DELIGHT ENGINEERING CO., LTD
DELIGHT PILING CO., LTD
KGS Myanmar Co., Ltd


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 14(Q)Hydraulic Breaker/IRR/ Local Purchase/2015-2016 | Hydraulic Rock Breaker | 3 Nos | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၁၆**


CONNECT Institute

JAN 18 ဖွင့်လှစ်မည့် Intake

## International Studies Program (ISP)

ဇန်နဝါရီလတွင် ဖွင့်လှစ်မည့် Intake

၁။ တက္ကသိုလ်ဝင်တန်း/IGCSE အောင်မြင်ပြီးသူများအတွက် အမေရိကန်တက္ကသိုလ် ပညာရေး
၂။ မည်သည့် Major ကိုမဆို ရွေးချယ်နိုင်ခြင်း
၃။ နိုင်ငံတကာတွင် အနှစ်(၂၀)ကျော် အောင်မြင်ခဲ့သည့် ပရိုဂရမ်

မြန်မာနိုင်ငံတွင် (၂)နှစ် + အမေရိကန်တက္ကသိုလ်များတွင် (၂)နှစ် = အမေရိကန် Bachelor ဘွဲ့

09 25595 9933, 09 25595 9944

3A, Pansodan Business Tower၊ ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်။



# MBA
Master of Business Administration

ကမ္ဘာ့အဆင့် သတ်မှတ်ချက်မြင့်မားသည့် Lincoln University College(LUC) မှတိုက်ရိုက်ချီးမြှင့်မည့် **MBA** မဟာဘွဲ့နှင့် **Ph.D** ဒေါက်တာဘွဲ့များကို ပြည်တွင်းပြည်ပမှ ပါမောက္ခများကိုယ်တိုင် နိုင်ငံတကာသင်ရိုးညွှန်းတန်းများအတိုင်း သင်ကြားပို့ချပေးမည့် ကမ္ဘာ့အဆင့်ပညာရေးကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် **Myanmar Campus** တွင် လေ့လာသင်ယူနိုင်ပါပြီ...။




RIVER SAMON

09-420725566
09-73094060


အခုပဲငွေဖြည့်ပြီး
အပိုလက်ဆောင်ရယူပါ
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊
ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ်ဆိုရန် နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။
အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
နှစ်သစ်
လက်ဆောင်မွန် အဖြစ်
ယခုအစီအစဉ် ကာလကို
တိုးမြှင့် ပေးလိုက်ပါပြီ
Happy New Year
ငွေဖြည့်ပမာဏ
အပိုလက်ဆောင်
၁,၀၀၀ ကျပ်
၂၀၀ ကျပ်
၃,၀၀၀ ကျပ်
၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ(ငြိမ်း)**

**ဝန်ကြီး(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန**

**အသက်(၈၄)နှစ်**

အဘိုး၊ အဖေကဲ့သို့ ကျေးဇူးကြီးမားလှသော ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာနသည် ၂၈-၁၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်စိန်နှင့်မိသားစု**

**(ကယားဖူး ဝန်ထမ်းများ)**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ခင်အေး(မော်လမြိုင်)**

**အသက်(၉၃)နှစ်**

ဦးစိုးငွေး - ဒေါက်တာခွာညိုဇင် (အထူးကုဆရာဝန်ကြီး၊ အဏုဇီဝဗေဒ၊ YGH)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ခင်အေးသည် ၂၈-၁၂-၂၀၁၅ (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**

**အာရှတော်ဝင်ဆေးရုံ**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဖူးပြည့်စုံမောင်၏ နိုင်ငံကူးလက်မှတ်အမှတ် M 200927သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၀၉-၉၆၀၉၅၆၆၈၉

**မီး သတိပြု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ကင်မလင်းချောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(မော်ဘီရိုးကြီး)**

**သိက္ခာတော်(၃၈)ဝါ၊ သက်တော်(၉၃)နှစ်**

**စိတ္တသုခကျောင်းတိုက်၊ မော်ဘီမြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ စိတ္တသုခကျောင်းတိုက်၊ ပဓာန နာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတဆရာတော်သည် (၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်) ၂၇-၁၂-၂၀၁၅ (တနင်္ဂနွေနေ့) ည ၉း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [(နတ်တော်လပြည့်ကျော် ၁၁ရက်) ၆-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် အန္တိမစျာပနကျင်းပပြုလုပ်ပါမည်။]

ကင်မလင်းရွာသူရွာသားများနှင့် ကျန်ရစ်သူမိသားစု

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း မယ်တော်ကြီး

**ဒေါ်ဝဏ္ဏက**

**ဝါတော်(၈၀)၊ သက်တော်(၈၉)နှစ်**

ပြည်မြို့၊ ရွှေဘဲနယ်မြေ၊ ဝေပုလ္လတောင်၊ ဝေပုလ္လတောရ ဘွားဘွားကြီး ဒေါ်ဝဏ္ဏကသည် (၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်) ၂၉-၁၂-၂၀၁၅ (အင်္ဂါနေ့) ညနေ ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (နတ်တော်လပြည့်ကျော် ၆ ရက်) ၁-၁-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဝေပုလ္လတောရတောင်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ဝေပုလ္လတောရအဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆အနောက်၊ မြေကွက်အမှတ်-၇၅၃/ခ၊ မြေကွက်တည်နေရာအမှတ် (၇၅၃/ခ)၊ ဝေဇယန္တာ (၁၈) လမ်း၊ ၆ အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးနွယ်အေး (KPG-၀၅၆၃၇၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးနွယ်အေး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်သင်းစပယ် (၁၂/ဥကတ (နိုင်) ၀၁၃၅၆၂) မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သောင်းသောင်း

**အသက်(၉၄)နှစ်**

**(အငြိမ်းစားကျောင်းဆရာမကြီး)**

ရန်ကုန်မြို့နေ (ဝတ်လုံတော်ရဦးနီ-ဒေါ်ခင်ခင်လတ်)တို့၏ သမီး၊ (ဦးဗိုလ်)ခရိုင်ရဲဝန်(ငြိမ်း)၏ ဇနီး၊ ဦးရဲထွန်းဇော်(Peace Myanmar Group Co.,Ltd)-ဒေါ်ညိုညိုဝင်း(သမဝါယမကောလိပ်-ငြိမ်း)၊ ဦးကျော်ညွန့်သိန်း (KBZ Bank)-ဒေါ်ခင်ယုဝေ၊ ဦးစိန်သန်း(ဆောက်လုပ်ရေး-ငြိမ်း)-ဒေါ်မြသွေးရည်၊ (ဦးတင်မျိုးအေး)၊ ဦးနေဦး(စခန်းမှူး-ငြိမ်း)-ဒေါ်ဆွေဆွေထား တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး(၁၃)ယောက်၊ မြစ်(၁၀)ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၃း၅၀နာရီတွင် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ နဝရတ်လမ်းနှင့် သီရိလမ်းကြား၊ အမှတ်(C/C-၅၁/၅၂) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ကုန်းဘောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်လှိုင်(ခ)Hilda Hlaing (A.B.M)

**(ဒေါ်ငှကြီး-ဟသ်ာတ)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်းလမ်းသွယ်(၁)၊ အိမ်အမှတ် ၁၀၁(B)နေ အရာရှိအငြိမ်းစား ဦးသိန်းလှိုင် [ဟသ်ာတ ရာသက်ပန်အသင်းဝင် (၃၃၆)]၏ဇနီး၊ (ဦးစံလှိုင်-ဒေါ်ခင်လေး)တို့၏ သမီးကြီး၊ (ဦးခင်စိုး)-ဒေါ်လှဲ့လှဲ့လှိုင်၊ (ဦးငွေဝင်း)-ဒေါ်ဖြူဖြူခင်၊ ဦးအေးသွင်-ဒေါ်နီလာမင်းဒင်(Mother's Home Motel)သယ်နဲ်းကျွန်းတို့၏ တစ်ဦးတည်းသော အစ်မကြီး၊ ဦးမြဟန်၊ ဗိုလ်မှူးတက်နိုင်(မလေးရှားလေကြောင်းလိုင်း)-ဒေါ်ဥမ္မာလှိုင်၊ မောင်ကျော်ကျော်-မရီရီခင်၊ မောင်ရဲမွန်ဦး(မလေးရှား)တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်ခင်လှိုင်(ခ)Hilda Hlaing အမျိုးသမီးအထက်တန်းကျောင်းသည် ၂၈-၁၂-၂၀၁၅ရက်၊ ည ၁၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၁-၂၀၁၆ရက်၊ မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ မြောက်ဥက္ကလာရေးဝေးသုသာန်ခန်းမ (၁-က)သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ [နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် စတင်ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)**

**သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၇၀/ဘ)၊ငွေဝတ်မှုန်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်မြင့်မြင့်ခင်၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)၊ [သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)]သည် ၂၈-၁၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)**

**သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်ခင်၏ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း) [သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)]သည် ၂၈-၁၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်ရှိန်**

**အသက်(၈၂)နှစ်**

မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း(ဥက္ကဋ္ဌ)၊ (Yangon MK Group Transportation Co., Ltd)၏ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ကြည်နှင့် ဇနီး ဒေါ်မြင့်မြင့်စန်းတို့၏မိခင် ဒေါ်တင်ရှိန်သည် ၂၇-၁၂-၂၀၁၅ရက်တွင် စလင်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းလွင်**
**Managing Director**
**Royal Lwin Brothers Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှရင်(ပုဇွန်တောင်တပ်မြေ)**

**အသက် (၉၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့မ (၂)လမ်း၊ ကန်အနောက်လမ်းနေ ဒေါက်တာဦးသန်းစိုး (Gold King Director)၊ ဒေါ်ခင်သက်ဝေတို့၏မွေးသမိခင် ရဟန်းဒါယိကာမကြီး ဒေါ်လှရင်(ပုဇွန်တောင်တပ်မြေ) အသက် (၉၆) နှစ်သည် ၂၄-၁၂-၂၀၁၅ (ကြာသပတေးနေ့) တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမျိုးသွင် (Managing Director)နှင့်**
**ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီလီမိတက်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်ရှိန်**

**အသက်(၈၂)နှစ်**

မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း(ဥက္ကဋ္ဌ)၊ (Yangon MK Group Transporation Co., Ltd)၏ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ကြည်နှင့် ဇနီး ဒေါ်မြင့်မြင့်စန်းတို့၏မိခင် ဒေါ်တင်ရှိန်သည် ၂၇-၁၂-၂၀၁၅ရက်တွင် စလင်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးနိုင်**
**SN Container Transporation Services**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းညွန့်**

**အသက် (၈၃)နှစ်**

သီပေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၏ မိခင် ဒေါ်သိန်းညွန့် အသက် (၈၃)နှစ်သည် ၂၉-၁၂-၂၀၁၅ ရက် ညနေ ၃ နာရီတွင် နောင်ချိုမြို့၌ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။အမေကြီး ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ထွေ/အုပ် အပတ်စဉ် (၁၅)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်ရှိန်**

**အသက်(၈၂)နှစ်**

မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း(ဥက္ကဋ္ဌ)၊ (Yangon MK Group Transporation Co., Ltd)၏ မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်ကြည်နှင့်ဇနီး ဒေါ်မြင့်မြင့်စန်းတို့၏မိခင် ဒေါ်တင်ရှိန်သည် ၂၇-၁၂-၂၀၁၅ရက်တွင် စလင်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးစိုး**
**Available Container Transporation Services**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်ရှိန်**

**အသက်(၈၂)နှစ်**

မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း(ဥက္ကဋ္ဌ)၊ (Yangon MK Group Transporation Co., Ltd)၏ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ကြည်နှင့် ဇနီး ဒေါ်မြင့်မြင့်စန်းတို့၏မိခင် ဒေါ်တင်ရှိန်သည် ၂၇-၁၂-၂၀၁၅ရက်တွင် စလင်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မင်း(Chairman)**
**Ko Kyaw Min Container & General Transport Services**

# ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြမြ (၈၄)နှစ်**

**ကထိက (ငြိမ်း)**

**သမိုင်းဌာန**

**ရန်ကုန်တက္ကသိုလ်**

အဆောင်မှူး(ငြိမ်း) ရတနာဆောင်သည် ၂၆-၁၂-၂၀၁၅ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူးနှင့်ဆရာ/ဆရာမများ**

**သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်ရှိန်**

**အသက်(၈၂)နှစ်**

မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း(ဥက္ကဋ္ဌ)၊ (Yangon MK Group Transporation Co., Ltd)၏ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ကြည်နှင့် ဇနီး ဒေါ်မြင့်မြင့်စန်းတို့၏မိခင် ဒေါ်တင်ရှိန်သည် ၂၇-၁၂-၂၀၁၅ရက်တွင် စလင်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဦးလှမြင့်(အတွင်းရေးမှူး)**
**ဦးအောင်ကျော်မြတ်(တွဲဖက်အတွင်းရေးမှူး-၁)**
**ဦးဆန်းလွင်(တွဲဖက်အတွင်းရေးမှူး-၂)**
**ဦးဇော်ထွန်းဦး(တွဲဖက်အတွင်းရေးမှူး-၃)**
**မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း**

Hot Line No-0930500100

# ဒုတိယသမ္မတ ဦးညွှန့်ထွန်း အမေရိကန်ကွန်ဂရက်အထက်လွှတ်တော်အမတ်အား လက်ခံတွေ့ဆုံ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ ဆွေးနွေး

သတင်း စာမျက်နှာ - ၈

## မြန်မာနိုင်ငံ၌ ထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရန် မလေးရှားကုမ္ပဏီပြင်ဆင်

သုတ

မြန်မာနိုင်ငံ၏ စီးပွားရေးပွင့်လင်းလာမှုကို အားပေးချီးမြှောက်မှုအနေဖြင့် မလေးရှားနိုင်ငံအခြေစိုက် Box-Pak (M) Bhd က မြန်မာနိုင်ငံ၌ ထုတ်လုပ်ရေးစက်ရုံတစ်ရုံ တည်ဆောက်ရန် စီစဉ်နေသည်။ စက်ရုံတည်ဆောက်မည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ Box-Pak (M) Bhd ၏ သွယ်ဝိုက်လုပ်ငန်းခွဲဖြစ်သော Boxpak (Myanmar)Co က ရန်ကုန်မြို့တော်ရှိ သီလဝါအထူးစီးပွားရေးဇုန်၌ စတုရန်းမီတာ ၇၄,၈၃၀ ကျယ်ဝန်းသော မြေကွက်တစ်ကွက် တစ်ဆင့်ငှားရမ်းရန် ဒီဇင်ဘာ ၂၉ ရက်က မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးလီမိတက် (MJTD)နှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့



ရန်ကုန်မြို့ အင်းလျားကန်ပေါင်တွင် ၂၀၁၆ ခုနှစ် နှစ်သစ်ကြိုဆိုကြမည့် ပြည်သူများအား ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက စည်ကားစွာတွေ့မြင်ရစဉ်။ (ဓာတ်ပုံ-ငွေးအောင်)

# ခရီးသွားများ ပိုမိုနှစ်ခြိုက်လာကြသော နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်များ

## ၂၀၁၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နိုင်ငံတကာခရီးသွားဧည့်သည် ၁၁၃၈ သန်းရှိခဲ့ပြီး ၂၀၁၃ ခုနှစ်ကထက် ၄ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ကမ္ဘာနှင့်အဝှမ်း သွားလာလည်ပတ်နေကြသည့် ခရီးသွားများမှာလည်း ပိုမိုတိုးတက်များပြားလျက်ရှိသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်များအရ ၂၀၁၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နိုင်ငံတကာခရီးသွားဧည့်သည် ၁၁၃၈ သန်းရှိခဲ့ပြီး ၂၀၁၃ ခုနှစ်ကထက် ၄ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်။

ယနေ့မြန်မာနိုင်ငံသည် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကြောင့် ကမ္ဘာ့နိုင်ငံများအကြားတွင် အသိအမှတ်ပြုခြင်း၊ စိတ်ဝင်တစားအလေးထားခြင်းများရရှိလာသကဲ့သို့ ခရီးသွားလုပ်ငန်းနယ်ပယ်တွင်လည်း နိုင်ငံခြားသားခရီးသည်များအတွက် ထင်ရှားလာလျက်ရှိခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ရေကြောင်းလိုင်းများသာမက နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များမှတစ်ဆင့် မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်းခရီးစဉ်များ၊ စက်တပ်ရွက်လှေခရီးစဉ်များ၊ ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လှည့်လာလည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ osuga Myanmar Travel & Tours Co., Ltd. ၏ အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံသား နှစ်ဦး၊ ဗြိတိန်နိုင်ငံသား

စာမျက်နှာ ၈ ကော်လံ ၁ သို့

ယနေ့ မာတိကာ

နှစ်သစ်မင်္ဂလာ (၃၈)ဖြာ

စာမျက်နှာ - ၂

၂၀၁၅ ဇာတ်သိမ်းနှင့် အားကစားလောက အမှတ်တရဖြစ်ရပ်များ

စာမျက်နှာ - ၁၃

37th ANNIVERSARY
(SINCE - 1979)
www.eagleautoworks.com
EAGLE
အလိုင်းမင်း ဝပ်ရှော့

EAGLE AUTO WORKS
EAGLE AUTO WORKS EAGLE (SINCE - 1979) ALIGNMENT & AUTO SERVICES
အမှတ် (၂၉၈)၊ ဂန္ဓမာလမ်း၊
(မြန်နန္ဒာဈေးနှင့် ဓမ္မာရုံမှတ်တိုင်အနီး)
မြောက်ဥက္ကလာပ။
Ph : 09 - 73016926

EAGLE (KABA-AYE)
EAGLE (KABA-AYE) EAGLE ALIGNMENT & AUTO WORKSHOP
အမှတ် (၉၄၂)၊ သုခရိပ်သာလမ်း၊
ကမ္ဘာအေး၊ မရမ်းကုန်း။
Ph : 09 - 73240030

ကြေးမုံ The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957
ဇန်နဝါရီ ၁၊ ၂၀၁၆

# နှစ်သစ်ကူး
## မင်္ဂလာနှုတ်ခွန်းဆက်လွှာ



# နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

၂၀၁၆ ခုနှစ်ဟာ နိုင်ငံရေးအရ၊ စီးပွားရေးအရရော အခွင့်အလမ်းကောင်းများကို ဖန်တီးပေးလျက်ရှိနေတယ်ဆိုတာ ယုံမှားသံသယရှိစရာမလိုအပ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ သို့သော်လည်း အခွင့်အလမ်းတွေကို အကောင်းဆုံး အသုံးချနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒီအတွက် သာမန်ကြိုးစားမှုမျိုးနဲ့ မရနိုင်ဘူးဆိုတာကိုလည်း သတိချပ်စေလိုပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုအောင်မြင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံသားတစ်ဦးချင်းစီတိုင်း လွတ်လပ်မှုအပြည့်အဝရရှိပြီး ဥပဒေရဲ့အကာအကွယ်ကို တန်းတူညီမျှရရှိရေး၊ ပိုမိုကောင်းမွန်တဲ့မိသားစုဘဝများကို တည်ဆောက်နိုင်ရေးဆိုတဲ့ကိစ္စရပ်များမှာ သာမန်ပြည်သူတစ်ဦးထက် ပိုမိုပြီး နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်ဖို့လိုပါတယ်။ မိမိတစ်ဦးချင်းအတွက်သာမက မိမိမျှော်မှန်းထားတဲ့ နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်ရေးဆိုတဲ့ အမြင်မျိုးနဲ့ ကျရာကဏ္ဍကနေ နိုင်ငံသားကောင်းစိတ်ဓာတ်နဲ့ ကြိုးပမ်းရုန်းကန်ကြဖို့ လိုအပ်ပါတယ်။ ဒီလိုစိတ်ဓာတ်ခွန်အားများနဲ့ နိုင်ငံသားတစ်ဦးချင်းစီက ကြိုးပမ်းအားစိုက်ကြမယ်ဆိုရင် ၂၀၁၆ ခုနှစ် တစ်နှစ်တည်းနဲ့ ကျွန်တော်တို့နိုင်ငံဟာ ဆယ်စုနှစ်တစ်စုစာတိုးတက်မှုများကို ခုန်ကျော်ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတစ်ဦးချင်းစီအနေနဲ့ လာမယ့် ၂၀၁၆ ခုနှစ်ကို အမှုမဲ့၊ အမှတ်မဲ့ ဖြတ်သန်းခြင်းမပြုဘဲ သာမန်ထက်ပိုတဲ့ စဉ်းစားတွေးခေါ်မှု၊ ကြိုးစားအားစိုက်မှုများနဲ့အတူ ဖြတ်သန်းကြဖို့ အလေးအနက်ထားတိုက်တွန်းလိုပါတယ်။

မိဘပြည်သူများအားလုံး နှစ်သစ်မှာ ကြီးမားသော အောင်မြင်မှုများ ရရှိပိုင်ဆိုင်နိုင်ကြပါစေ။ ■

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
# မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်
# အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ
# ဒေါက်တာ အရှင်ကုမာရာဘိဝံသ၏ နှစ်သစ်နှုတ်ခွန်းဆက်သြဝါဒစကား

၂၀၁၆ ခုနှစ် နှစ်ဆန်း နှစ်သစ်ကူးမင်္ဂလာအနေနဲ့ ကမ္ဘာသူ ကမ္ဘာသားတို့နှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွက် သံယုတ်ပါဠိတော်လာ မြတ်စွာဘုရားရှင်ဟောကြားတော်မူတဲ့ အောင်ဂါထာရဲ့အနက်အဓိပ္ပာယ်ဖြစ်တဲ့ “နေမင်းကြီးက အလွန်တရာထွန်းလင်းတောက်ပပေမယ့် နေ့အခါသာ ထွန်းလင်းတောက်ပပြီး ညအခါ မထွန်းလင်းဘူး။ လမင်းကြီးသည်လည်း အလွန်တရာသာယာတောက်ပပေမယ့် ညအချိန်မှာသာတောက်ပပြီး နေ့အခါ မတောက်ပဘူး။ မင်းမြောက်တန်ဆာ ငါးပါးဆင်ယင်မှ ဘုရင်မင်းမြတ်တွေလည်း လှပတင့်တယ်တယ်။ မင်းမြောက်တန်ဆာမပါရင် သာမန်လူလိုပဲ။ ရဟန္တာပုဂ္ဂိုလ်များသည်လည်း ဈာန်ဝင်စားမှသာလျှင် ကြည်ညိုဖွယ်ကောင်းပြီး လောကဥ္စတင့်တယ်တယ်။ ဈာန်မဝင်စားသည့်အချိန်တွင် မတင့်တယ်ဘူး။ မြတ်စွာဘုရားသည် နေ့အခါဖူးလည်း တင့်တယ်တယ်။ ညအခါဖူးလည်း တင့်တယ်တယ်။ ဈာန်မဝင်စားဘဲနေလည်း သပ္ပာယ်တင့်တယ်တယ်။ ဘယ်အချိန်ကြည့်ကြည့် မြတ်စွာဘုရားက ကြည်ညိုဖွယ်ဆောင်တယ်။ ဒီလိုဂုဏ်ထူးဝိသေသတွေနဲ့ပြည့်စုံတဲ့ မြတ်စွာဘုရားကို ကမ္ဘာသူ ကမ္ဘာသား မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့က လက်စုံမိုး၍ ရှိခိုးကန်တော့ရသော ကုသိုလ်စေတနာကြောင့် အားလုံးသော ကမ္ဘာသူ ကမ္ဘာသား မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း ကျန်းမာချမ်းသာကြပါစေ။ ရောဂါအန္တရာယ်ကင်းပြီး စီးပွားဥစ္စာတိုးတက်ကြပါစေ။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ၂၉ ရက်အထိ ဘုန်းဘုန်းတို့ တရုတ်ပြည်ကိုသွားရောက်ခဲ့တယ်။ အဲဒီမှာ ကြားလိုက်ရတဲ့ စကားတစ်ခွန်းက သူတို့ရဲ့အယူအဆအရ တန်ခိုးရှင်က မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ချစ်ခင်တာကြောင့် အာရှတိုက်မှာ နောက်ဆုံးဖန်ဆင်းခဲ့တယ်လို့ဆိုတယ်။ မြန်မာနိုင်ငံက ဆန်ရေစပါး၊ သစ်ပင်ပန်းမန်တွေ စိုက်ပျိုးလို့ရအောင် မိုးလေဝသ၊ လယ်ယာမြေ၊ စိုက်ပျိုးမြေတွေကို ဖန်ဆင်းပေးတယ်။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်မျက်ရတနာတွေ ထွက်တဲ့မြေတွေကိုလည်း ဖန်ဆင်းပေးတယ်။ မြန်မာနိုင်ငံမှာ ရှိတဲ့လူတွေက အလွန်ပဲကံကောင်းတယ်။ အဲဒီလို သူတို့က ယူဆကြပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားဖြစ်ရတာ ကမ္ဘာပေါ်မှာ ကံကောင်းတယ်လို့ သူတို့က ယူဆတယ်။ မြန်မာနိုင်ငံလို သဘာဝရေမြေသယံဇာတတွေ ကောင်းမွန်စွာထွက်တဲ့နိုင်ငံမှာ လူဖြစ်ကြပြီးတော့ ကမ္ဘာမှာ အချမ်းသာဆုံးဖြစ်အောင် မြန်မာနိုင်ငံသူ နိုင်ငံသားအချင်းချင်း၊ တိုင်းရင်းသားတွေအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ညီရင်းအစ်ကိုလို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ နေထိုင်ကြဖို့ ဘုန်းဘုန်းမေတ္တာရပ်ခံပါတယ်။ အားလုံးသော မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အဲဒီလိုချစ်ချစ်ခင်ခင်နေထိုင်ကြမယ်ဆိုရင် စားလို့မကုန်တဲ့ ဆန်ရေစပါး၊ သယံဇာတတွေပေါများပြီး အလွန်တရာကောင်းမွန်တဲ့ မြန်မာနိုင်ငံမှာ သာသနာရောင်ထွန်းပြောင်ပြီး အလွန်တရာပျော်မွေ့ဖွယ်ကောင်းမယ့် တိုင်းပြည်ဖြစ်မယ်လို့ ဘုန်းဘုန်းယုံကြည်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး တစ်ယောက်နဲ့တစ်ယောက် ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ပေါင်းသင်းဆက်ဆံပြီး တိုင်းပြည်ကောင်းကြောင်း၊ ကမ္ဘာသူ ကမ္ဘာသားကောင်းကြောင်း အားလုံးဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။


ဗန်းမော်ကျောင်းတိုက်ဆရာတော်
ဒေါက်တာ အရှင်ကုမာရာဘိဝံသ

## ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ရဟန်းမင်းကြီး အမတ် ကာဒီနယ်ချားလ်စ်ဘို၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



လေးစားရပါသော မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့အတွက် မင်္ဂလာနှစ်သစ် မင်္ဂလာအချိန်အခါ ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ကျွန်ုပ်တို့အားလုံး ၂၀၁၆ ခုနှစ်သည် ကောင်းခြင်းများစွာနဲ့ ပြည့်ဝမယ့်နှစ်ဖြစ်ပါစေ ဆိုတဲ့ဆန္ဒတွေပိုက်ပြီး ရင်ခုန်ခြင်းများစွာ၊ မျှော်လင့်ခြင်းကြီးစွာနဲ့ ကြိုဆိုနေကြပါတယ်။ မျှော်လင့်ခြင်းဆိုတာ ကျွန်ုပ်တို့လူသားများ ပြည့်ဝစွာရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့အရာတစ်ခု ဖြစ်ပါတယ်။ နှစ်ဟောင်းကုန်လွန်ပြီး နှစ်သစ်ကို ကူးတဲ့အချိန်မှာ မေးမှိန်ချင်နေတဲ့ မျှော်လင့်ခြင်းကို ပြန်လည်အင်အားဖြည့်တင်းနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

၂၀၁၅ ခုနှစ်အတွင်းက ခက်ခဲကြမ်းတမ်းသောအချိန်များ အထူးသဖြင့် ရေဘေးဒုက္ခကြုံရချိန်များနဲ့ ဒုက္ခသည်အရေးများမှာ အချင်းချင်း ရိုင်းပင်းကူညီခြင်းများစွာဖြင့် မြန်မာလူမျိုးတို့၏ စာနာထောက်ထားတတ်ခြင်းကိုကမ္ဘာကအံ့သြရလောက်အောင် ပြသနိုင်ခဲ့သည့်အတွက် အလွန်ဂုဏ်ယူမိပါတယ်။

ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲရလဒ်အားဖြင့် မြန်မာပြည်သူပြည်သားတွေဟာ ပါတီစွဲ၊ ဝါဒစွဲကြောင့်မဟုတ်ဘဲ စည်းလုံးညီညွတ်ခြင်းကို မြင်ရတဲ့အတွက် ကျေနပ်အားရမိခြင်း ဖြစ်ပါတယ်။ ဒီလိုညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ကိုတည်ဆောက်ကြရင် အချိန်တိုအတွင်းမှာ တိုးတက်လာမှာအမှန်ဖြစ်ပါတယ်။ မဲဆွယ်စဉ်အချိန်က ယှဉ်ပြိုင်မှုတွေ၊ မတူညီမှုတွေချန်ထားခဲ့ပြီး တိုင်းပြည်နဲ့ လူမျိုးကောင်းစားရေးအတွက် အတူလက်တွဲချိန်ရောက်ပါပြီ။

လူဆိုတာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနေလို့မရဘဲ အဖွဲ့အစည်း အသိုင်းအဝိုင်းနဲ့ နေထိုင်ကြရတယ်။ တစ်ဦးချင်းစီရဲ့ ဂုဏ်သိက္ခာဟာ တန်ဖိုးရှိသလို လူသားတွေအချင်းချင်း ပြန်လှန်ဆက်နွှယ်နေခြင်းဟာလည်း မရှိမဖြစ်တဲ့လိုအပ်ချက်တစ်ခုပါ။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်မှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်ထားရစ်လို့မရပါဘူး။ တစ်ဦးစီတိုင်းဟာ တန်ဖိုးရှိတဲ့သူတွေ ဖြစ်ပါတယ်။ အကောင်အထည်ဖော်ရာမှာတော့ တစ်ဦးတစ်ယောက်တည်းလုပ်လို့ မဖြစ်နိုင်ပါဘူး။ တစ်ယောက်စီတိုင်းဟာ ကျရာတာဝန်ကို ကျေပွန်ခြင်းဖြင့် ပါဝင်ဆောင်ရွက်ပေးဖို့ လိုပါတယ်။

၂၀၁၆ ခုနှစ်သည် အမိမြန်မာနိုင်ငံအပေါ် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသောနှစ်၊ မေတ္တာတရားနဲ့ ငြိမ်းချမ်းဖွံ့ဖြိုးခြင်းများ ဖုံးလွှမ်းသောနှစ်၊ သာယာဝပြောသောနှစ် ဖြစ်ပါစေကြောင်း ဆန္ဒမွန်ပြုအပ်ပါတယ်။

ပြည်သူပြည်သား အယောက်တိုင်းသည်လည်း မေတ္တာပြည့်ဝကိုယ်စိတ်လှပစွာဖြင့် လိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြပါစေ။ ■

## မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် ဦးသျှောင်နာယက ဦးလှမောင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး နှစ်သစ်အချိန်အခါသမယမှာ အန္တရာယ်ကင်း ဘေးရှင်းပြီး ငြိမ်းချမ်းသာယာမှုအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနဲ့လည်း နှစ်သစ်မှာ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် မေတ္တာပို့ဆုတောင်းကြပါတယ်။ ၂၀၁၆ နှစ်သစ်ကူးတဲ့အခါ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဆောင်ပုဒ်ဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးမှတစ်ဆင့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ■

## ဟိန္ဒူကာလီမယ်တော်ဘုရားကျောင်း ဂေါပကခန့်ထားရေးအဖွဲ့ဝင် ဦးအောင်နိုင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ဘာသာအားလုံးကို အမှီသဟဲပြုနေတဲ့ လူတိုင်းဟာ အကောင်းဘက်အမြင်ကိုယူပြီး ဟိန္ဒူဘာသာမှာဆိုထားတဲ့သဘောအရ ကိုယ်ကနေ တွေးခေါ်ယူဆစဉ်းစားပြီး ဘေးပတ်ဝန်းကျင်ကို လွှတ်နေတဲ့မေတ္တာလှိုင်းတွေ များများလွှတ်နိုင်ပါစေ။ မိမိဘာသာ မိမိအယူနှင့်အညီ ကောင်းသောအကျိုးပြုဖို့ ဘာသာတရားတိုင်းက ဆုံးမထားတဲ့ အဆုံးအမတရားကိုနာခံပြီး မြတ်သောသီလကိုစောင့်ပြီး ကောင်းသောစိတ်မွေးပြီး မေတ္တာထားပြီး တစ်နိုင်ငံလုံးအေးချမ်းပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ■

## စည်သူပိုလ်ကလေးတင့်အောင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၁၅ ခုနှစ်ကနေ ၂၀၁၆ခုနှစ် နှစ်သစ်ကို ပြောင်းလာတဲ့အချိန်မှာ မပြောင်းခင်ကာလတည်းကိုက အင်မတန်ဝမ်းသာစရာ မြန်မာတို့ရဲ့ ဓလေ့ထုံးတမ်းတစ်ခုကို တစ်ပြည်လုံးမှာ တွေ့ခဲ့ရတယ်။ အဲဒါဘာလဲဆိုတော့ ရွေးကောက်ပွဲကြီးပဲ။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြီးကတော့ တို့မြန်မာလူမျိုးတွေရဲ့ သဘောထားကြီးမှု၊ စေတနာထားမှု၊ ခွင့်လွှတ်မှု၊ သည်းခံမှု၊ စိတ်ရှည်မှုဆိုတဲ့ တကယ်မွန်မြတ်တဲ့တရားတွေကို ကမ္ဘာက အံ့သြသွားရအောင်ကို ပြလိုက်နိုင်တယ်။ နှစ်သစ်မှာ တို့နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဘဘ နှစ်သစ်ဆုမွန်ကောင်း တောင်းပေးပါတယ်။

## ဒေါ်ရိုက်တာကြည်စိုးထွန်း၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ မြန်မာနိုင်ငံတွင် မိသားစုနဲ့အတူတကွ ပြည်ပနိုင်ငံများမှ လာရောက်နေထိုင်ကြသူများ၊ ပြည်ပရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ပျော်ရွှင်ချမ်းမြေ့ကြသော ဘဝများကို ပိုင်ဆိုင်ကြပါစေ။

မြန်မာပြည်ကြီးလည်း စည်ပင်သာယာဝဖြိုးပြီး အေးချမ်းပျော်ရွှင်သော နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။

## စာရေးဆရာဖေမြင့်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၁၆ ဟာ မြန်မာနိုင်ငံအတွက် ကောင်းသောအခြင်းအရာများစွာကို သယ်ဆောင်လာမယ့် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နှစ်ဖြစ်တယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ရုပ်ပိုင်းဘဝတိုးတက်မှုများနှင့်အတူ မိမိတို့အနာဂတ်အတွက် အားတက်ရွှင်လန်းတဲ့စိတ်၊ မိမိတစ်ဦးချင်း အကျိုးရော၊ အများအကျိုးအတွက်ပါ သယ်ပိုးထမ်းရွက်လိုတဲ့စိတ်၊ မြန်မာဖြစ်ရခြင်းကို ကျေနပ်အားရတဲ့စိတ်တွေ တိုးတက်ဖြစ်ပေါ်ကြလိမ့်မယ်။ ဒီနှစ်ဟာ မြန်မာနိုင်ငံအတွက် နှစ်ပေါင်း ငါးဆယ်အတွင်းမှာ အထူးခြားအကောင်းမွန်ဆုံး အမှတ်တရနှစ်ဖြစ်လာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ကြောင်း ပြောချင်ပါတယ်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား




နှစ်သစ်ကူးအချိန်မှာဆိုရင် အသိမိတ်ဆွေတွေကြားမှာ လက်ဆောင်ပဏ္ဏာတွေ ပေးတဲ့လူတွေရှိကြပါတယ်။ ၂၀၁၆ ခုနှစ် နှစ်သစ်ကူးကာလမှာ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားတွေဟာ ပြည်ထောင်စုအတွက် ဘာများမင်္ဂလာနှစ်သစ်ကူးလက်ဆောင်တွေ ယူလာခဲ့ကြမလဲဆိုတာ တစ်ယောက်ချင်းစဉ်းစားစေချင်ပါတယ်။ နိုင်ငံမှာ ဘာလိုအပ်သလဲ၊ ငြိမ်းချမ်းရေးလိုအပ်တယ်။ ညီညွတ်ရေးလိုအပ်တယ်။ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်တယ်။ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့အတွက် ပြည်သူပြည်သား၊ နိုင်ငံသူနိုင်ငံသား တစ်ဦးချင်းတစ်ဦးချင်းမှာ လုပ်ပိုင်ခွင့်ရှိသလို လုပ်နိုင်တဲ့စွမ်းရည်တွေလည်း ရှိတယ်လို့မြင်ပါတယ်။ ဒါကြောင့် အခုနှစ်သစ်အတွက် စကားတစ်ခုပါးရမယ်ဆိုရင် ဒီနှစ်သစ်မှာ ဘာမင်္ဂလာလက်ဆောင်တွေများ နိုင်ငံနှင့် ပြည်ထောင်စုအတွက် ယူခဲ့ကြမလဲဆိုတာကို နိုင်ငံသူနိုင်ငံသားတစ်ဦးချင်းစီ စဉ်းစားကြပါ။ အခု ဒီနှစ်ကုန်ဖို့အတွက် ရက်ပိုင်းပဲ ကျန်ပါတော့တယ်။ ဒီရက်ပိုင်းအတွင်းမှာ အရင်နှစ်ကလုပ်ဆောင်ချက်တွေကို သုံးသပ်ပြီး အဲဒီသုံးသပ်ချက်အပေါ်မှာ အခြေခံပြီး ဘာတွေဆက်ပြီးလုပ်ဖို့ လိုအပ်သလဲဆိုတာ စဉ်းစားကြပါ။ နိုင်ငံအတွက် အလုပ်လုပ်တယ်ဆိုတာ ဘယ်တော့မှ ဆုံးခန်းတိုင်တယ်လို့မရှိပါဘူး။ အားလုံးက ဆက်ပြီးတော့ တစ်နှစ်နှင့်တစ်နှစ်တောင် မဟုတ်ဘူး။ တစ်ရက်နှင့်တစ်ရက် လုပ်နေရမယ့်ကိစ္စတွေဖြစ်ပါတယ်။ ပြည်သူ/ပြည်သားများ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ရဲ့ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ သာယာငြိမ်းချမ်းရေးအတွက် မှန်ကန်တဲ့လက်ဆောင်ပဏ္ဏာများ ယူခဲ့နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။ ဘေးဘယာဝေးကွာကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ ပြည့်စုံကြပါစေ။ ■

## ဦးသုဝေ၊ ဒီမိုကရက်တစ်ပါတီ-မြန်မာ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

နှစ်သစ်ကူးတယ်ဆိုတာ အဟောင်းကနေ အသစ်ပြောင်းတာပေါ့။ အသစ်ဆိုတာကတော့ လူတိုင်းကောင်းတာပဲ မျှော်လင့်ကြတာလေ။ ကောင်းတာကိုဖြစ်စေချင်တာပေါ့။ ကျွန်တော်တို့လည်း ကိုယ့်တိုင်းပြည်ကို ကောင်းတာဖြစ်စေချင်တာပေါ့။

အခုအချိန်အခါက ငြိမ်းချမ်းရေးရဖို့ အခွင့်ကောင်းအခါကောင်းပဲ။ ဒီအချိန်လေးမှာဝိုင်းပြီးတွန်းလိုက်ရင် ကျွန်တော်တို့တိုင်းပြည်က ငြိမ်းချမ်းရေး ရသွားမယ်။ တိုင်းသူပြည်သားတွေရော၊ အစိုးရရော၊ နိုင်ငံရေးပါတီတွေရော၊ သတင်းမီဒီယာတွေကပါ ငြိမ်းချမ်းရအောင်တည်ဆောက်ဖို့လိုတယ်။ တိုင်းပြည်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး အစစအရာရာ အောင်မြင်အောင်လုပ်နိုင်ဖို့ ငြိမ်းချမ်းရေးလိုတယ်။ နှစ်အပြောင်းမှာ ငြိမ်းချမ်းရေးကြီး အောင်မြင်စွာရရှိပါစေ။ ငြိမ်းချမ်းရေးဆိုတာ လွယ်လွယ်နဲ့ရတာ မဟုတ်ပါဘူး။ အခုလောက်အောင်မြင်တာကပဲ အတော်အောင်မြင်တယ်။ နှစ်သစ်မှာ တိုင်းပြည်ကြီး ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနဲ့ အောင်အောင်မြင်မြင်ဖြစ်စေဖို့ ကျွန်တော်ဆုတောင်းပါတယ်။



## ဦးစောသိန်းအောင်၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



အခုလာမယ့် ၂၀၁၆ နှစ်သစ်မှာ နှစ်သစ်ပထမရက်က စပြီးတော့ နှစ်ကုန်တဲ့ရက်မက နောက်နှစ်တွေတိုင်း ပြည်သူတွေအားလုံးဟာ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်ဝပြီး မိမိတို့လိုချင်တဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ရနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ်။ ■

## ဦးသိန်းညွန့်၊ အမျိုးသားဒီမိုကရေစီပါတီသစ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

လွန်ခဲ့တဲ့ငါးနှစ်က မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို သမ္မတကြီး ဦးသိန်းစိန်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့အနေဖြင့် သော်လည်းကောင်း၊ ကျွန်တော်တို့ နိုင်ငံရေးပါတီအနေဖြင့် သော်လည်းကောင်း ၂၀၁၀ ရွေးကောက်ပွဲဝင်ပြီးတော့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီငါးနှစ်ကို ပြန်ကြည့်မယ်ဆိုရင် တည်ငြိမ်မှုတွေအများကြီးရှိပြီး လိုအပ်ချက်တွေလည်း နည်းသွားတာကို တွေ့ရပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို ချုပ်ဆိုပြီးတော့ ငြိမ်းချမ်းရေးမဏ္ဍိုင်အုတ်မြစ်ကို



စတင်ခဲ့တယ်။ ဒီအတိုင်းပဲ နိုင်ငံရေးအကျဉ်းသားအပါအဝင် နိုင်ငံသားအကျဉ်းသားတွေကို အကျဉ်းထောင်ထဲကနေ အစုလိုက်ပြန်လည်လွှတ်ပေးနိုင်ခဲ့တယ်။ ဒီမိုကရေစီအရေးအတွက်ဆိုရင်လည်း ၂၀၁၅ ရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတစွာကျင်းပပေးနိုင်ခဲ့တယ်။ ယခင်မရခဲ့တဲ့ အခွင့်အရေးမျိုးကို ဒီနေ့ရလာပြီ။ သို့သော် မပြည့်စုံသေးဘူး။ အဲဒါကြောင့် ၂၀၁၆ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံး အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတွေ တင်းပြည့်ကျပ်ပြည့်ရပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။ ■

## ဒေါက်တာအေးမောင်၊ ရခိုင်အမျိုးသားပါတီ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

၂၀၁၆ ခုနှစ်က မင်္ဂလာရှိတဲ့နှစ်ပါ။ ဘာလို့လဲဆိုရင် ပထမမျိုးဆက် ဒီမိုကရေစီအစိုးရကနေ ဒုတိယမျိုးဆက် ဒီမိုကရေစီအစိုးရတစ်ရပ်ကို ငြိမ်းငြိမ်းချမ်းချမ်း၊ အေးချမ်းတည်ငြိမ်စွာဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက် တည်ငြိမ်အေးချမ်းမှုကို အလေးထားပြီး လွှဲပြောင်းတဲ့ကာလဖြစ်လို့ပါ။ ၂၀၁၆ နှစ်ဦးပိုင်း ဇန်နဝါရီ ၁၂ ရက်မှာ အမျိုးသားပြန်လည်ရင်ကြားစေ့ဖို့၊ သဟဇာတဖြစ်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပမယ်ဆိုတဲ့ ဂုဏ်ယူစရာကောင်းပြီး တစ်မျိုးသားလုံးညီညွတ်အောင် လမ်းကြောင်းတစ်ခု



ကို ဖော်ဆောင်နိုင်မှာဖြစ်လို့ အင်မတန်အနှစ်သာရပြည့်ဝတဲ့နှစ်ဖြစ်ပါတယ်။ ၂၀၁၆ နှစ်သစ်ကူးမှာ လက်ကမ်းယူလာမယ့် ဒုတိယမျိုးဆက် ဒီမိုကရေစီအစိုးရတစ်ရပ်ဟာလည်း တည်ငြိမ်အေးချမ်းတဲ့၊ ဖွံ့ဖြိုးတိုးတက်တဲ့၊ အမျိုးသားပြန်လည်ရင်ကြားစေ့တဲ့၊ သဘောထားကြီးတဲ့ အစိုးရတစ်ရပ်အဖြစ် ပုံဖော်ပြီး မြန်မာ့လူ့ဘောင်ကို စည်ပင်ဝပြောတဲ့လူ့ဘောင်အဖြစ် ဖော်ဆောင်သွားနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ အားလုံးဂုဏ်ယူစွာဖြင့် မင်္ဂလာယူရမယ့် နှစ်သစ်ဖြစ်လို့ ကျွန်တော်တို့အားလုံးက လာမယ့်နှစ်ဦးကို အောင်အောင်မြင်မြင်နဲ့ မင်္ဂလာရှိစွာကျော်ဖြတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ ■

## ဒေါက်တာဗညားအောင်မိုး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

လာမယ့်နှစ်သစ်မှာ သတ္တဝါအားလုံး ဘေးရန်ကင်းပြီး ချမ်းသာမှုရှိကြပါစေ။ ပြည်သူတစ်ရပ်လုံး၊ တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာနဲ့ ငြိမ်းချမ်းမှုနဲ့ တိုးတက်မှုရကြပါစေလို့ ကျွန်တော်ဆန္ဒပြုပါတယ်။ ■



## နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဒေါက်တာသန်းဦး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ဒီနှစ် ၂၀၁၆ ခုနှစ်ဟာ မြန်မာနိုင်ငံရဲ့ သမိုင်းအနေနဲ့ကြည့်ရင် အရေးကြီးတဲ့နှစ် ဖြစ်ပါတယ်။ အရေးကြီးတဲ့နှစ်မှာ အရေးကြီးတဲ့ နှုတ်ခွန်းဆက်ဆုတောင်းကို ပြောကြားလိုပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ညီညာဖြဖြနဲ့ အကောင်းဘက်ကို လက်တွဲညီညီသွားနိုင်ကြပါစေ။ အားလုံးစိတ်ရှည်သည်းခံပြီး အမျိုးသားရေးတာဝန်၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ်နဲ့ အတူတူသွားကြမယ်ဆိုရင် မုချအောင်ပွဲရမယ်လို့ နှစ်သစ်ဆုတောင်းစကားအနေနဲ့ ပြောကြားခြင်းဖြစ်ပါတယ်။ ဒါကြောင့် အကောင်းဘက်ကိုရောက်အောင် ဝိုင်းပြီးတွန်းကြပါလို့ ပြောကြားလိုပါတယ်။ ၂၀၁၅ ဟာ မြန်မာနိုင်ငံရဲ့သမိုင်းမှာ အချိုးအကွေ့တစ်ခုဖြစ်ပါတယ်။ ၂၀၁၅ မှာ အားနည်းချက်တွေရှိသလို အားသာချက်တွေရှိပါတယ်။ အားနည်းချက်တွေ နည်းသွားအောင်၊ အားသာချက်တွေကို ပိုပြီးကောင်းမွန်လာအောင် ၂၀၁၆ မှာ အားထုတ်ကြပါလို့ ပြောချင်ပါတယ်။ ■

## စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၁၆ ခုနှစ်က နှစ်သစ်လို့ပြောတဲ့အတွက် မျှော်လင့်ချက်တွေ၊ ဖြစ်စေချင်တာတွေအများကြီး၊ ဖြစ်စေချင်တဲ့ မျှော်လင့်ချက်တွေအားလုံးကို တစ်ဦးချင်း၊ တစ်ယောက်ချင်း ရင်ထဲမှာရှိတဲ့ဆန္ဒအားလုံး ပြည့်ပြည့်ဝဝဖြစ်ကြပါစေလို့ ဆုတောင်းပါတယ်။

၂၀၁၅ ခုနှစ်မှာရလာတဲ့ သင်ခန်းစာတွေက အများကြီး၊ အဲ့ဒီသင်ခန်းစာတွေကို ၂၀၁၆ ခုနှစ်မှာ အထူးသဖြင့် အခက်ခဲဆုံးက စိတ်ဓာတ်တွေပြောင်းရမှာ အခက်ဆုံးပဲ။ စိတ်ဓာတ်တွေပြောင်းဖို့လိုတယ်။ စိတ်ထားတွေပြောင်းဖို့လိုတယ်။ အတွေးအခေါ်တွေ ကောင်းဖို့လိုတယ်။ အတွေးအခေါ်တွေ၊ စိတ်ဓာတ်တွေပြောင်းဖို့ဆိုတာ အသိပညာကလာတာ၊ ဒါကြောင့် လူငယ်တွေကို အားပေးချင်တာက အသိပညာတွေတိုးပွားအောင် ကြိုးစားပါ။ လေ့လာပါ။ သင်ယူပါ။ အဲ့ဒီအသိပညာတွေ စုစည်းပြီးတော့မှ မိမိအတွေးအခေါ်တွေ ပြောင်းနိုင်ပါစေလို့ ဆန္ဒပြုချင်ပါတယ်။ ■

## မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၁၅ ခုနှစ်ကိုပြန်ကြည့်ရင် ရာသီဥတုနဲ့ပတ်သက်ပြီး ထူးထူးခြားခြား သဘာဝဘေးဖြစ်စဉ်တွေ ဖြစ်နေခဲ့တာကို တွေ့ရမှာပါ။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ပထမ ၁၀ ရက်မှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးမှုဟာ ထူးခြားတဲ့ရေကြီးမှုတစ်ခု ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့ နောင်လာမယ့်နှစ်တွေမှာ သတိထားရမယ့် အရာတစ်ခုဖြစ်တယ်လို့ ညွှန်ပြနေသလိုပါပဲ။ ဒါ့အပြင် ၂၀၁၅ ခုနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ အယ်လ်နီညိုရာသီဥတုကြောင့် ၂၀၁၆ ခုနှစ်မှာ ရာသီဥတုနဲ့ပတ်သက်ပြီး ရေရှားပါးမှု၊ အပူရှိန်လွန်ကဲလာမှုတွေကြောင့် ကျန်းမာရေးဆိုင်ရာ၊ စိုက်ပျိုးရေးဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာတွေကို ထိခိုက်စရာဖြစ်လာနိုင်တာမို့ သတိထားကြပါ။ ပြင်ဆင်မှုတွေပြုလုပ်ထားကြပါလို့ နှစ်သစ်ကူးဆုမွန်နဲ့အတူ အကြံပြုပြောကြားလိုပါတယ်။ ■

နှစ်သစ်ကူး မင်္ဂလာနှုတ်ခွန်းဆက်လွှာ
ကြေးမုံ The Mirror

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



နှစ်သစ်နှုတ်ခွန်းဆက်အနေနဲ့ ၂၀၁၆ ခုနှစ်မှာ မြန်မာပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေ၊ ငြိမ်းချမ်းနိုင်ကြပါစေ။

ပြည်နယ်အချို့မှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်တိုက်ပွဲတွေရပ်စဲပြီး ဒေသခံပြည်သူပြည်သားတွေ အားလုံးလည်းပဲ ငြိမ်းချမ်းနိုင်ကြပါစေ၊ အေးချမ်းနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းနေတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်လည်း အောင်မြင်စေလိုပါတယ်။ အောင်မြင်ပါစေလို့လည်း ဆုတောင်းပေးပါတယ်။ နောက်ဆုံးအနေနဲ့က မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတွေ ဒီထက်မက နှစ်သစ်မှာ အောင်မြင်နိုင်ပါစေလို့ဆန္ဒပြုရင်း နှုတ်ခွန်းဆက်လိုပါတယ်။ ■

# ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူလူထုကြီးခင်ဗျား နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆောင်တာတွေ မှန်းသလောက် ခရီးပေါက်နိုင်မှာဖြစ်သလို အခွင့်အရေးတန်းတူနဲ့ ကြိုးစားရင်ကြိုးစားသလောက် ညီညွတ်မျှတစွာ အားလုံးပါဝင်ခံစားခွင့်ရရှိမယ့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ တည်ငြိမ်အေးချမ်းခြင်းကို ရရှိနိုင်မှာဖြစ်ပါတယ်။

ရေရှည်တည်တံ့တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကသာ စစ်မှန်တဲ့ဒီမိုကရေစီရှင်သန်ခိုင်မာမှုကို အာမခံချက်ပေးနိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာ တည်ငြိမ်အေးချမ်းခြင်းမင်္ဂလာ၊ ဖွံ့ဖြိုးစည်ပင်ဝပြောခြင်းမင်္ဂလာ၊ "မရှိတောင့်တရှိကြောင့်ကြရတဲ့" ပူပန်သောကများကင်းဝေးခြင်းမင်္ဂလာ၊ "တစ်ယောက်အတွက်အများ အများအတွက်တစ်ယောက်" စိတ်ဓာတ်နဲ့ တိုင်းရင်းသားညီနောင်တွေအကြား ရေကိုသားလို့ အကြားမထင်တဲ့ သွေးစည်းညီညွတ်ခြင်းမင်္ဂလာစတဲ့ မင်္ဂလာအပေါင်းနဲ့ လာခြင်းကောင်းတဲ့ နှစ်သစ်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျာ။ ■

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ချစ်ခင်လေးစားရပါသော တိုင်းရင်းသားပြည်သူလူထုအပေါင်းကို ၂၀၁၆ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ "ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ"လို့ တပ်မတော်တစ်ရပ်လုံးကိုယ်စား ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သပါတယ်။

တပ်မတော်အနေနဲ့ တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်တဲ့ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထားပြီး နိုင်ငံတော်အစိုးရနဲ့ လက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။

၂၀၁၆ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမယ့် ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားများနဲ့အညီ တိုင်းပြည်အကျိုးကို ရှေးရှုပြီး ဖြစ်ပေါ်လာမယ့် အစိုးရ၊ ပြည်သူလူထုတို့နဲ့ ပူးပေါင်းဆောင်ရွက်ပြီး အမျိုးသားရေးတာဝန်တွေကို အစဉ်အလာနဲ့အညီ ကျေပွန်စွာထမ်းဆောင်သွားမှာပါ။

၂၀၁၆ ခုနှစ်မှာ နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောဖို့အတွက် တပ်မတော်အနေနဲ့ တိုင်းရင်းသားပြည်သူတို့နဲ့ တစ်စိတ်တည်းတစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာ အလေးအနက်ထားပြောကြားလိုပါတယ်။

နိုင်ငံသူ၊ နိုင်ငံသားအားလုံး နှစ်သစ်မှာ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ထပ်မံဆုမွန်ကောင်းတောင်းပါတယ်ခင်ဗျား။ ■

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ပြည်သူလူထုတစ်ရပ်လုံး ယနေ့မှစ၍ နှစ်ကုန်အထိ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။ ဘေးဘယာအပေါင်းနှင့် ကင်းဝေးကြပါစေ။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု၊ မေတ္တာ၊ စေတနာ၊ သံယောဇဉ်တရားများကို မှန်ကန်စွာထိန်းသိမ်းထားရှိနိုင်ကြပါစေ။ ယနေ့ကာလသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ အပြောင်းအလဲပြုလုပ်၍ အကောင်းများဖြစ်ပေါ်ရရှိရေးကို ပိုမိုမျှော်လင့်နိုင်ကြပြီဖြစ်သည်။ ယနေ့ကာလသည် ပြည်သူလူထု၏ ကိုယ်စိတ်နှစ်ပါးလုံးကို လုံခြုံမှုပေးနိုင်ပြီး ငြိမ်းချမ်းသော၊ ခေတ်မီတိုးတက်သော ပြည်ထောင်စုကြီးပေါ်ထွန်းရေးအတွက် အခွင့်အလမ်းများကို ပိုမိုရရှိလာပြီဖြစ်သည်။

ယနေ့ကာလသည် ရရှိလာသောအခွင့်အလမ်းကောင်းများကို အမိအရ အသုံးပြုရမည့်အချိန်လည်းဖြစ်သည်။ ဤသို့ဖြင့် အမျိုးသားအချင်းချင်း ပိုမိုပြန်လည်သင့်မြတ်ကြပြီး ထားရှိထိန်းသိမ်းသင့်သော မျိုးချစ်စိတ်ဓာတ်များ ရရှိလာမည်ဖြစ်ပါသည်။ ဆက်လက်ပြီး စေတနာမှန်၊ လုပ်နည်းမှန်များဖြင့် အစဉ်အမြဲတိုင်ပင်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက် ခြင်းများပြုလုပ်ကြပါလျှင် မြန်မာတို့၏ ဂုဏ်သိက္ခာကို တစ်နေ့တခြား မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ပြည်သူတစ်ဦးချင်းစီကလည်း ရောက်ရာအရပ်မှ ကျရာတာဝန်ကို ကိုယ်စီကိုယ်င တာဝန်ကျေစွာပါဝင်ထမ်းရွက်ပြီး နိုင်ငံ့အတွက်၊ ပြည်သူ့အတွက်၊ နိုင်ငံ့ဂုဏ်သိက္ခာအတွက် မြှင့်တင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ပါတယ်။ ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ များ ဖြည့်ဆည်းပေးနိုင်သည့် နိုင်ငံသားကောင်း နိုင်ငံသမီးမွန်များ ဖြစ်ကြပါစေ။ ■

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



နှစ်သစ်မှာ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး ချမ်းသာကိုယ်စိတ်မြဲကြပါစေ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများလည်း တရားဥပဒေရဲ့ အကာအကွယ်ကိုရရှိကြပါစေလို့ ဆုမွန်ခြွေနှုတ်ခွန်းဆက်ပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးတဲ့အခါသမယတိုင်းမှာ အတိတ်ကို ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ်အတွက် မျှော်မှန်းချက်များချမှတ်ခြင်း၊ ပစ္စုပ္ပန်မှာ ပြုပြင်ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ခြင်းတို့ကို ထုံးစံအတိုင်း ပြုလုပ်ရမှာဖြစ်ပါတယ်။ မိမိတို့ရဲ့အနာဂတ်အတွက် ငြိမ်းချမ်း၊ သာယာ၊ ဖွံ့ဖြိုးဝေစည်တဲ့ နိုင်ငံတော်သစ်ကို ချမှတ်ရမှာဖြစ်ပါတယ်။ အတိတ်အကြောင်းအရာတွေကို အခြေခံပြီးတော့ ဒီလိုပြုပြင်ပြောင်းလဲတဲ့အခါမှာ အပိုင်းအားဖြင့် နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက နိုင်ငံသားတွေရဲ့အပိုင်းဖြစ်ပြီးတော့ တစ်ပိုင်းကတော့ ခေါင်းဆောင်ရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့အပိုင်းမှာ နိုင်ငံသားတွေဟာ အဘက်ဘက်က ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆန္ဒပြင်းပြကြဖို့လိုအပ်ပါတယ်။ မဖြစ်မနေဆောင်ရွက်မယ်ဆိုတဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေ ကြီးမားကြရမှာ ဖြစ်ပါတယ်။

ခေါင်းဆောင်ရဲ့အခန်းကဏ္ဍမှာ နှစ်မျိုးနှစ်စားပြောနိုင်ပါတယ်။ ဒါကတော့ ပထမတစ်မျိုးကတော့ Spiritual Leadership ခေါ်တဲ့ စိတ်ဓာတ်ရေးရာ၊ သဘောတရားရေးရာခေါင်းဆောင်မှုဖြစ်ပါတယ်။ Administrative Leadership ခေါ်တဲ့ အုပ်ချုပ်ရေးဆိုင်ရာခေါင်းဆောင်ကတော့ ရွေးကောက်ပွဲရလဒ်အရ သူတက်ငါဆင်း အပြောင်းအလဲတွေရှိတတ်ပါတယ်။ အဲဒီလို နိုင်ငံတော်အတွက် လိုအပ်တဲ့ခေါင်းဆောင်နဲ့ နိုင်ငံသားတို့ရဲ့ ဆန္ဒ၊ ဝီရိယ၊ ဝီမံသ၊ စိတ်ဓာတ်ဆိုတဲ့ အဓိပတိ (၄)မျိုးတပ်ပြီး ကြိုးပမ်းခြင်းအားဖြင့် နိုင်ငံတော်ကြီးအတွင်းမှာ ငြိမ်းချမ်းမယ်၊ သာယာမယ်၊ ဖွံ့ဖြိုးမယ်၊ ဝေစည်မယ်၊ အဘက်ဘက်က တိုးတက်မယ်။ ဒါကြောင့် အဲဒီလိုနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိပါစေလို့ ဆန္ဒခြွေနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ■